# ပျော်ရွှင်သော ဘဝအသက်တာသို့ သွားရာ လမ်း



တတိယအကြိမ်

သင်ခန်းစာ

စမ္ပဒါန

# ပျော်ရွှင်သော

# ဘဝတစ်သက်တာသို့သွားရာလမ်း

**အိမ်တိုင်ရာရောက် ခရစ်တော်၏သာသနာပြုအဖွဲ့**

(မြန်မာပြည်)

Condo-D7၊ FMI-City၊ လှိုင်သာယာမြို့နယ်၊

ရန်ကုန်တိုင်း။

**EVERY HOME FOR CHRIST**

Condo-D7၊ FMI-City၊ Hlaing Thar Yar.

# ပျော်ရွှင်သောဘဝတစ်သက်တာသို့ သွားရာလမ်း

## THE WAY TO A HAPPY LIFE

သင်ခန်းစာ (၁)

သင်သိရမည့်အကြောင်းအရာသုံးခု

(၁) သမ္မာကျမ်းစာ

(၂) ဘုရားသခင်

(၃) လူ

သင်ခန်းစာ (၂)

သင်ယုံကြည်ရမည့်အကြောင်းအရာသုံးခု

(၁) အပြစ်

(၂) ယေရှုခရစ်

(၃) ထာဝရအသက်

သင်ခန်းစာ (၃)

သင်၌ရှိရမည့်အရာသုံးမျိုး

(၁) ယုံကြည်ခြင်း

(၂) မျှော်လင့်ခြင်း

(၃) ချစ်ခြင်း

သင်ခန်းစာ (၄)

သင်လုပ်ရမည့်ကိစ္စသုံးရပ်

(၁) ကျမ်းစာလေ့လာခြင်း

(၂) ဆုတောင်းခြင်း

(၃) သက်သေခံခြင်း

# သင်ခန်းစာ (၁)

# သင်သိရမည့်အကြောင်းအရာသုံးခု

## အခန်း (၁) သမ္မာကျမ်းစာ

သမ္မာကျမ်းစာအုပ်သည်၊ ဘုရားသခင်၏ အကြောင်းနှင့် ယေရှုခရစ်၏ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း၏ အမှန်တရား များကို ရေးသားထားပါသည်။ ကျမ်းစာပေါ်တွင် ထားရှိသော သင်၏ သဘောထားကို ကြည့်ခြင်းအားဖြင့် သင်၏ဝိညာဉ်ရေးနှင့်ဆိုင်သော အသက်တာကို ဆုံးဖြတ်ရပေလိမ့်မည်။

ရှေးဦးစွာ ယင်းကျမ်းစာသည် မည်သို့ဖြစ်ပေါ်လာသည်ကို စဉ်းစားကြပါစို့။ စင်စစ်အားဖြင့် သမ္မာကျမ်းစာသည် တစ်စောင်တည်းသောကျမ်းစာမဟုတ်။ ကျမ်းပေါင်းများစွာ စုပေါင်းထားသောစာအုပ်ဖြစ်ပါသည်။ တစ်စောင်ချင်းသည်ပင် ဘုရားသခင်ထံမှ ကျွန်ုပ်တို့အတွက် ပေးလိုက်သော သတင်းများဖြစ်ပါသည်။

ယင်းကျမ်းစာကို "ဓမ္မဟောင်းနှင့် ဓမ္မသစ်" ဟူ၍ နှစ်ပိုင်းပူးပေါင်းထားပါသည်။ ဓမ္မသစ်ကို ယေရှု၏တပည့်တော်များနှင့် ပထမရာစုရှိ အချို့သောပုဂ္ဂိုလ်များက ရေးသားခဲ့ပါသည်။ ဓမ္မသစ်မှာ ရှင်မဿဲမှ ဗျာဒိတ်ကျမ်းအထိ "နှစ်ဆယ့်ခုနစ်စောင်"ရှိပါသည်။ ဓမ္မဟောင်းမှာ ကမ္ဘာဦးကျမ်းမှစ၍ မာလခိအနာဂတ္တိကျမ်းအထိ "သုံးဆယ့်ကိုး" ကျမ်းရှိပါသည်။ ဆက်လက်၍ ယင်းကျမ်းစာနှစ်ပိုင်းကို ကျွန်ုပ်တို့ အနည်းငယ်မျှလေ့လာပါမည်။

## ဓမ္မဟောင်းကျမ်း

ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားသခင်သည် ဤကမ္ဘာနှင့် လူသားအစရှိသောသတ္တဝါတို့ကို မည်ကဲ့သို့ ဖန်ဆင်းခဲ့ကြောင်း၊ လူသားတို့၏ ပထမဦးဆုံးအိမ်ထောင်သည် မည်သို့သောအပြစ်ကြောင့် ပျက်စီးခဲ့ကြောင်း၊ နောလေက်ထက်တွင် ရေလွှမ်းမိုးခြင်းဖြင့် ကမ္ဘာမြေကြီးကို မည်ကဲ့သို့ ဖျက်ဆီးခဲ့ကြောင်းနှင့် တကွ ဣသရေလလူမျိုး (ယခု အစ္စရေးလူမျိုး) တို့၏ သမိုင်းသည် မည်ကဲ့သို့ အစပြုခဲ့ကြောင်းကို မှတ်သားထားလေသည်။

ထွက်မြောက်ရာကျမ်းမှ သေတာဝတ္ထု (ဘီစီ ၄၀၀) ထိသည် ဣသရေလလူမျိုးတို့၏ သမိုင်းမှတ်တမ်းပင်ဖြစ်သည်။

ယောဘဝတ္ထု၊ ဆာလံကျမ်းနှင့် သုတ္တံကျမ်းတို့သည် လူတို့၏ စိတ်နှလုံးအတွင်း၌ ဖြစ်ပေါ်လာသောခံစားမှုတို့ကို စာပေအားဖြင့် အလေးအနက်ဆုံးသရုပ်ဖော်ခြင်းဖြစ်သည်။ ဤစာပေ၏လှပမှုနှင့် လေးနက်မှုတို့သည် ဤကမ္ဘာပေါ်ရှိအခြား မည်သည့်စာပေနှင့်မှ မနှိုင်းယှဉ်နိုင်ပေ။ အဓိကအားဖြင့် အကြောင်းအရာများကို သီချင်း၊ ကဗျာ၊ ပြဇာတ်ဆန်ဆန်ဖြင့် ဖော်ပြဟောထားလေသည်။

ဟေရှာယအနာဂတ္တိကျမ်းမှ မာလခိအနာဂတ္တိကျမ်းအထိ ကျမ်းများသည် ပရောဖက်စာစောင်များဖြစ်ကြပါသည်။ ယင်းအထဲတွင် နောက်နောင်ဖြစ်ရမည့် အဖြစ်အပျက်တို့ကို ပြောထားလေသည်။

## ဓမ္မသစ်ကျမ်း

ပထမလေးကျမ်းကို ဧဝံဂေလိသတင်းဟု ခေါ်လေ့ရှိသည်။ ယင်းတို့၏ အမည်များမှာ - ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာ၊ ရှင်ယောဟန် ခရစ်ဝင်တို့ ဖြစ်ကြပါသည်။

ယင်းအမည်များမှာ ကျမ်းပြုသူတို့၏အမည်များ ဖြစ်ကြပါသည်။

ဧဝံဂေလိသတင်းဆိုရာတွင် သတင်းကောင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်း စသည့်အဓိပ္ပါယ် ဖြစ်ပါသည်။

ခရစ်ဝင်လေးကျမ်းသည် သခင်ခရစ်တော်၏ဝမ်းမြောက်ဖွယ်ရာ သတင်းကို ပြောကြားပါသည်။ မြေကြီးပေါ်၌ရှိခဲ့သော ကိုယ်တော်ရှင်၏အသက်တာ မွေးဖွားတော်မူခြင်းနှင့် ငယ်စဉ်ဘဝ စသည်တို့ကို ရေးသားဖော်ပြထားခဲ့ပါသည်။

သို့ရာတွင် အများအားဖြင့် ကိုယ်တော်၏ အံ့သြဖွယ်များအကြောင်းကို အထူးသဖြင့် သက်သေခံခဲ့သည်။ တဖန် ကိုယ်တော်သည် လူနာကို ချမ်းသာပေးခြင်းနှင့် သေသောသူများကိုပင် ရှင်စေသည့်အကြောင်းအရာများကို ရေးသားဖော်ပြခဲ့လေသည်။

ခရစ်ဝင်ကျမ်းများ၏ နောက်ဆုံးအပိုင်းတွင် ခရစ်တော်သည် လူဆိုး၏ လက်၌ အစီရင်ခံခြင်းနှင့် လက်ဝါးကားတိုင်ပေါ်၌ အသေသတ်ခံခြင်း၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနှင့် နောက်ဆုံး၌ ကောင်းကင်ဘုံသို့ကြွ၍ အဖဘုရား၏ လက်ယာဘက်ပလ္လင်ပေါ်တွင် ထိုင်လျက်နေခြင်း စသည်တို့ ပါဝင်လေသည်။

ခရစ်ဝင်ကျမ်းများ၏ နောက်ဆက်၍လာသည့်ကျမ်းမှာ တမန်တော်ဝတ္ထုဖြစ်သည်။ တနည်းဆိုရသော် တမန်တော်များ၏ သာသနာပြုလုပ်ငန်းများကို ဖော်ပြထားလေသည်. ထိုတမန်တော်တို့သည် ယေရှု၏ နောက်လိုက်တပည့်တော်များ ဖြစ်ကြပါသည်။ ဘုရားသခင်၏ မေတ္တာကို လူတို့အားပြောကြားရန် ကိုယ်တော်သည် သူတို့ကို စေခိုင်းတော်မူသည်။ ယေရှုခရစ်တော်အားဖြင့်

ကယ်တင်ခြင်းအ ကြောင်း၊ အပြစ်နှင့် အပြစ်ဒဏ်မှ ကင်းလွတ်နိုင်ကြောင်းကို ဟောပြောကြသည်။

ပထမရာစုတွင် ခရစ်ယာန်အသင်းတော်၏ ကြီးထွားတိုးတက်ပုံကို လည်း တမန်တော်ဝတ္ထုထဲ၌ ဖော်ပြထားလေသည်။ အခန်းကြီး (၁) မှ (၁၀) တွင် ခရစ်တော်၏တပည့် ရှင်ပေတရုက ဦးဆောင်သည်။ အခန်းကြီး(၉)၏ အလယ် ပိုင်းမှ ယင်းကျမ်း၏အဆုံးပိုင်းအထိမှာမူ ယုဒလူမျိုး (ယခု အစ္စရေးလူမျိုး) မဟုတ်သော အခြားတိုင်းတစ်ပါးသားတို့ကို ရှင်ပေါလုက သာသနာပြုခြင်း ဖြစ် လေသည်။

ရောမဩဝါဒစာစောင်မှ ရှင်ယုဒဩဝါဒစာစောင်အထိ စာ(၂၁)စောင်ရှိ ပါသည်။ ယင်းစာရေးသူများမှာ ရှင်ပေါလု၊ ရှင်ပေတရု၊ ရှင်ယောဟန်၊ ရှင်ယာ ကုပ်နှင့် ရှင်လုကာတို့ဖြစ်ပါသည်။ ယင်းစာများသည် အနယ်နယ်၌ရှိသော အသင်းတော်များထံသို့ ပို့သော စာစောင်များဖြစ်ပါသည်။ စာစောင်များသည် ခရစ်ယာန်များနေ့စဉ် အသက်ရှင်ခြင်းနှင့်ဆိုင်သည့် ဆုံးမဩဝါဒစာများ ဖြစ်လေ သည်။ ထို့ပြင် ယင်းစာများ၌ ခရစ်ယာန်ဘာသာ၏ ယုံကြည်ခြင်းကိုလည်း သေ ချာစွာ ရှင်းလင်းထားပါသည်။

ဗျာဒိတ်ကျမ်းသည် ကျမ်းစာ၏ နောက်ဆုံးကျမ်းဖြစ်သည်။ ယင်းကျမ်း သည် နောက်နောင်ဖြစ်မည့်အကြောင်းအရာများကို ဖွင့်ပြလေသည်။ ထို့ပြင် ဤ ဘဝမှ နောင်ဘဝသို့ ပြောင်းလဲသောအခါ ဖြစ်ပေါ်လာမည့် အခြေအနေ၊ နောက် တစ်ဘဝ၌ အကြီးဆုံးသော တရားစီရင်ခြင်း ခံရမည့်အကြောင်းများကိုလည်း ဖော်ပြထားပါသည်။

အထက်၌ ဖော်ပြသော အကြောင်းအရာသည် ကျမ်းစာထဲရှိ အရေးကြီး ဆုံးသောအချက်များ၏ အကျဉ်းချုပ်သာဖြစ်သည်။

ယခုဆက်လက်စဉ်းစားရမည့်အကြောင်းမှာ သမ္မာကျမ်းစာအုပ်သည် မည်သို့ဖြစ်ပေါ် ပေါ်ပေါက်လာသနည်း။

ကျမ်းစာအုပ်သည် စာအုပ်တစ်အုပ်ဖြစ်သည့်အတွက် ကျမ်းပြုသူများ ရှိရပေမည်။ သို့သော် အခြားစာအုပ်များကို လူကသာရေးသကဲ့သို့ ကျမ်းစာကိုရေးသည်မဟုတ်။ ကျမ်းစာအုပ်၏ ကျမ်းပြုသူမှာ (၃၆) ဦးရှိ၍ နှစ်ပေါင်း (၁၆၀၀) ကျော်လောက်ကြာအောင် ပြုစုခဲ့ရပါသည်။

အထူးသတိပြုရမည့်အချက်မှာ ကျမ်းစာအုပ်သည် လူ၏သဘောအတိုင်းရေးသားထားခြင်းမဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်က လူတို့အား နှိုးဆော်ညွှန်ပြ၍ လူ၏လက်အားဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ဤအချက်ကို ကျွန်ုပ်တို့သည် ကျမ်းစာအုပ်ထဲမှ အဖြေကို ရှာဖွေရယူရပေမည်။ တိမောသေသြဝါဒစာ ဒုတိယစောင်၊ အခန်းကြီး(၃) အငယ် (၁၆)တွင် **ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်သည်**ဟု ဖော်ပြထားသည်။

ထို့ကြောင့် ကျမ်းစာအုပ်၏ မူရင်းအခြေခံသည် အမှန်ပင် ဘုရားသခင်ကိုယ်တိုင်ရေးသားခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ကျမ်းစာအုပ်ကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဟု ခေါ်ဝေါ်ပါသည်။

နောက်တစ်ချက်မှတ်သားရမည်မှာ ကျမ်းစာအုပ်၏ အချို့အပိုင်းသာလျှင် ဘုရားရှင်၏ နှုတ်ကပတ်တော်ဖြစ်သည်မဟုတ်။ ကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။

ဆက်လက်၍ ရှင်ပေတရုသြဝါဒစာ ဒုတိယစောင် အခန်းကြီး (၁)၊ အငယ် (၂၁) ကို ကြည့်ကြပါဦးစို့။

**အကြောင်းမူကား အနာဂတ္တိစကားသည် လူ့အလိုအားဖြင့် ဖြစ်ဖူးသည် မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။**

ကျွန်ုပ်တို့သည် အချက်တစ်ချက်ကို သေသေချာချာ သတိပြုရန် လိုအပ်ပါသည်။ သမ္မာကျမ်းစာသာလျှင် ဘုရားသခင်က လူတို့ကို ဗျာဒိတ်ပေးသော တရားတော်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာအတွက် ထားရှိသော ရည်ရွယ်ချက်ကို ကျမ်းစာအုပ်ထဲ၌သာ တွေ့ရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာအုပ်ကို အခြားမည်သည့်စာအုပ်နှင့်မှ အစားသွင်း၍ မရနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ၎င်းစာအုပ်တွင် လူသားတို့၏ သမိုင်းကို မှတ်သားထားလေသည်။

ဤကမ္ဘာ၏ အစဦး ပေါ်ပေါက်လာပုံ၊ နောင်ခေတ် အဆက်ဆက်တွင် ဖြစ်ပျက်မည့် အကြောင်းအရာများကို ကြိုတင် ဟောပြောထားပုံ၊ ဤကမ္ဘာ၏ နောက်ဆုံးအချိန်သည် မည်ကဲ့သို့ ဖြစ်မည်အကြောင်း စသည်တို့ကို သင်သည် ပရောဖက်ကျမ်းစောင်များထဲ၌ ဖတ်ရှုရပေမည်။

ဤကဲ့သို့ ရေးသားထားသည့်အတွက် ထာဝရအသက်နှင့် ထာဝရနိုင်ငံလည်း ရှင်းလင်းစွာ ဖွင့်ပြထားလေသည်။

၎င်းပြင် ကျမ်းစာအုပ်ထဲ၌သာလျှင် အကျင့်စာရိတ္တ၊ လောကဝတ္တရားနှင့် အတွေးအခေါ်တို့၏ အထွဋ်အထိပ်မဏ္ဍိုင်ဖြစ်သည်ကို သင်တွေ့ရှိရပေမည်။

တတိယအချက်မှာ ယခု ကျွန်ုပ်တို့ ကျမ်းစာ၏ အရေးကြီးဆုံးသော အချက်ကို အတူတကွ စဉ်းစာကြပါစို့။

ကျမ်းစာအုပ်တွင်လည်း အခြားစာအုပ်များကဲ့သို့ အဓိကပုဂ္ဂိုလ်တစ်ဦးရှိပါသည်။ ယင်းမှာ ခရစ်တော်ယေရှုပင်ဖြစ်ပါသည်။ ဓမ္မဟောင်းကျမ်းမှာ ခရစ်တော်သည် လောကသို့ ဆင်းသက်၍ လူ့ဇာတိကို ခံယူမည့်အကြောင်း ကြိုတင်ဟောပြောထားသော သမိုင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏အသက်တာနှင့် ဆုံးမသွန်သင်ခြင်းအကြောင်းများကို တိုက်ရိုက်မှတ်သားထား၏။ အကယ်၍ သခင်ယေရှုခရစ်ကို သမ္မာကျမ်းစာထဲမှ နှုတ်ပယ်လိုက်လျှင် ကြွင်းကျန်သမျှ အားလုံးတို့သည် အသုံးမဝင်သော စက္ကူစာရွက်များအဖြစ်သာ သက်ရောက်သွားပါလိမ့်မည်။

ထိုကျမ်းစာထဲ၌ မှတ်သားထားသော ဗျာဒိတ်စကားအဖြစ်မှန် သမိုင်းချီးမွမ်းခြင်း၊ လူသားတို့၏ ဒုက္ခဆင်းရဲခြင်း၊ အောင်မြင်ခြင်း၊ တန်ခိုး နိမိတ်လက္ခဏာများတို့သည် သခင်ယေရှုနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။

နောက်ဆုံးတစ်ချက်မှာ ကျမ်းစာ၏ ရည်ရွယ်ချက်ကို စဉ်းစားကြပါစို့။ ယင်းရည်ရွယ်ချက်မှာ ဘုရားသခင်သည် လူသားများအတွက် ကယ်တင်ခြင်း၏ စီမံကိန်းအကြံကို ယေရှုခရစ်အားဖြင့် လူတို့အား ထင်ရှားစေလေသည်။

ယေရှုအား ချဉ်းကပ်ပုံ၊ ကိုယ်တော်နှင့် မည်သို့လိုက်လျှောက်ရမည်၊ ကိုယ်တော်နှင့်အတူ လိုက်လျှောက်ပြီးသောအခါ မိမိ၏အသက်တာသည် မည်သို့ ပြောင်းလဲသွားမည် စသည်တို့အား လွယ်ကူရှင်းလင်းစွာနှင့် သမ္မာကျမ်းစာထဲ၌ လုံလောက်စွာ ဖော်ပြထားပေသည်။ သို့အတွက် သင်သည် ဘုရားသခင်ကို ချဉ်းကပ်နိုင်သော လမ်းခရီးကို တွေ့ရှိနိုင်ပြီး ကယ်တင်ခြင်းသို့ ရောက်ရှိနိုင်လေသည်။

အကယ်၍ သင်၏ရည်ရွယ်ချက်သည် ကျမ်းစာထဲမှ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ ကျော်ကြားခြင်း၊ သြဇာအာဏာရလိုခြင်း စသည်တို့ကို ရှာဖွေမည်ဆိုပါလျှင် သင်သည် ကြီးစွာ စိတ်ပျက်သွားပေလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ကျမ်းစာအုပ်သည် လူသားတို့၏ ရုပ်ဝတ္ထုပစ္စည်းထက် အခြေခံပိုကျသော ပြဿနာများကို ဖြေရှင်းပေးလေသည်။

ဤတွင် သင်၏စိတ်ကို ငြိမ်သက်စွာနှင့် သြတပွစိတ်ကို လိုက်လျော၍ အောက်ပါမေးခွန်းတို့ကို စဉ်းစားပေးပါ။

ကျမ်းစာပေါ်တွင် ထားရှိသော သင်၏သဘောထားသည် မည်သို့ရှိသနည်း။

ဘုရားသခင် နှုတ်ကပတ်တော်က ဦးဆောင်လမ်းညွှန်သည့်အတိုင်း သင်၏အသက်ရှင်ခြင်း၌ လိုက်နာပါ။ သင်၏အသက်တာ လမ်းခရီးတွင် အရေးကြီးသော ကိစ္စရပ်အားလုံးကို ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ဖြင့် ဆုံးဖြတ်ပါစေ။ ကျမ်းစာအုပ်သည် သင်၏အတွေးအခေါ်နှင့် လုပ်ကိုင်ပြုမူခြင်းတို့၏ မဏ္ဍိုင်နှင့် ဆုံးဖြတ်မှု ဖြစ်စေရမည်။

ငြင်းခုန်မှု မှန်သမျှတို့၏ အဖြေမှန်၊ ဒုက္ခဆင်းရဲ ခံနေရမှုမှန်သမျှတို့ကို နှစ်သိမ့်မှုပေးရန်၊ အထင်လွဲမှားမှု မှန်သမျှတို့ကို ရှင်းလင်းသွားစေရန်၊ အတွေးအခေါ်မှန်သမျှတို့၏ အခြေခံ၊ ကြေကွဲမှု မှန်သမျှတို့ကို ချုပ်တည်းခြင်း၊ အထင်လွဲမှားခံနေရမှုများကို သည်းခံခြင်း၊ အသက်ရှင်ခြင်းအတွက် လိုအပ်သော ခွန်အား၊ ဤသည်တို့အတွက် သမ္မာကျမ်းစာထဲ၌သာ ရှာဖွေတွေ့ရှိနိုင်ပြီး အခြားမည်သည့်နေရာကမှ ရှာမတွေ့နိုင်ပေ။

ဤသို့ဖြစ်စေလိုလျှင် ယခုပင် သင်သည် လေးလေးနက်နက်၊ ထိထိရောက်ရောက်နှင့် ဆုံးဖြတ်ချက်ကြီးတစ်ခုကို ချမှတ်ရပေလိမ့်မည်။ ယင်းမှာ သင်သည် သံသယစိတ်လုံးဝမရှိစေဘဲ သမ္မာကျမ်းစာသည် ထာဝရဘုရားသခင်ထံမှ မိမိအဖို့ ပြင်ဆင်ထားသော စကားများဖြစ်သည်ကို စိတ်ထဲတွင် အကြွင်းမဲ့ယုံကြည်ရပေမည်။ သမ္မာကျမ်းစာဖတ်ခြင်းဖြင့် မှန်သောအသက်တာနှင့် ခရစ်တော်နောက်လိုက်ခြင်းဖြစ်လျက် ခရစ်ယာန်အသက်တာကို ဆွတ်ခူးခြင်းဖြစ်ပါသည်။

ကျမ်းစာအုပ်သည် - **ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း၊ ကျေးဇူးကို ပြုတတ်ခြင်းကြောင့် ဘုရားသခင်၏လူသည် စုံလင်သော၊ ကောင်းသော အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်တတ်သောသူဖြစ်နိုင်ပါသည်။** (တိမောသေဩဝါဒစာဒုတိယစောင်၊ ၃:၁၆) ထို့ကြောင့် သမ္မာကျမ်းစာသည် အမှန်တရားကို သိစေနိုင်၏။ ကျွန်ုပ်တို့အသက်တာ၏ အမှန်နှင့်အမှားကို ပိုင်းခြားစွာ သိစေနိုင်ပါ၏။ ခရစ်တော်နည်းတူ အသက်ရှင်မှုကိုလည်း သွန်သင်ပြသလျှက်ရှိသည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် လူအများ၏ အကျိုးကိုပြုစုနိုင်မည်။

## အခန်း (၂) ဘုရားသခင်

ဤအခန်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြောင်းကို လေ့လာပါလိမ့်မည်။ ဘုရားသခင်ရှိပါသလားဆိုသည့် မေးခွန်းကို သင်ကြားဖူးပါလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ သင်ကိုယ်တိုင်လည်း တစ်ခါတစ်ရံ ထိုမေးခွန်းကို မေးဖူးခဲ့ပါလိမ့်မည်။

ကျမ်းစာ၌ မည်ကဲ့သို့ ဆိုခဲ့ပါသနည်း။

ကျမ်းစာလာသည်ကား မိုးကောင်းကင်သည် ဘုရားသခင်၏ ဘုန်း အသရေကို ကြားပြော၍ မိုးမျက်နှာကြက်သည် လက်တော်နှင့် လုပ်သောအရာ များကို ပြသ၏။ (ဆာလံ ၁၉:၁-၂)

ထို့ကြောင့် ဘုရားသခင်ရှိကြောင်းကို ပြုလုပ်ထားသောအရာများအား ဖြင့် သိရှိနိုင်ခဲ့လေသည်။

**အဘယ်ကြောင့်နည်းဟူမူကား ဖန်ဆင်းတော်မူသောအရာများကို ထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသော ဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏။** (ရောမသြဝါဒစာ ၁:၂၀) ဖန်ဆင်းထားသောအရာများဖြင့် ဘုရားရှင်ရှိကြောင်းထင်ရှားလျက်ရှိပါသည်။ (ဆာလံကျမ်း ၁၄:၁)တွင် **ဘုရား သခင်မရှိဟု မိုက်သောလူသည် ထင်တတ်၏။** ဘုရားသခင်မရှိဟု ပြောသော လူ မိုက်တို့၏ စိတ်နှလုံးသည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ်ဖွယ်သော အမှုကိုပြုကြ ကြောင်းကို ကျမ်းစာထဲ၌ ဆက်လက်ဖော်ပြပါသည်။

ယခု ကျွန်ုပ်တို့သည် လောကသဘာဝတရားကို စဉ်းစာကြပါစို့။ ကျွန်ုပ် တို့နေထိုင်သည့် ကမ္ဘာမြေကြီးသည် လုံးဝိုင်းလျက် သမုဒ္ဒရာရေပြင်သည် ကမ္ဘာ လုံးပေါ်တွင် တွယ်ကပ်နေသည်။ ရေသည် တစက်တလေမျှ လွင့်စင်၍ ထွက်မ သွားပါ။ ညဥ့်အချိန်တွင် မိုးကောင်းကင်၌ ထွန်းတောက်နေသော မရေတွက်နိုင် သည့် ကြယ်များကို စဉ်းစာကြည့်ပါ။ အချို့သော ကြယ်များသည် ကျွန်ုပ် ကမ္ဘာ မြေကြီးထက် အဆပိုကဲ၍ ကြီးမားသည်မှာ မရေတွက်နိုင်ပေ။

သို့သော် ယင်းကြွယ်များသည် ကျယ်ဝန်းလှသော စကြ်ာဝဋ္ဌာထဲ၌ မိမိတို့အတွက် သတ်မှတ်ထားသော နေရာလမ်းကြောင်းအတိုင်းသာ အမြဲတည်လျက်ရှိ၏။ အစစအရာရာတို့သည် လထက်သာလွန်သော ကြံစည်ဖန်တီးမှုမရှိဘဲ အလိုလိုနှင့် ဖြစ်ပေါ်လာသည်ဟု သင်ယုံကြည်နိုင်ပါသလား။

**၁။ ဘုရားသခင်သည် မည်သည့်အရပ်၌မဆို တည်ရှိပါသည်။** ငါမမြင်စေခြင်းငှါ၊ အဘယ်သူသည် မထင်းရှားသောအရပ်၌ ပုန်းရှောင်၍ နေနိုင်သနည်း။ ငါသည် ကောင်းကင်မြေကြီးကို နှံ့ပြားသည် မဟုတ်လော။ (ယေရမိ၊ ၂၃:၂၄) ယင်းစကားသည် ထာဝရဘုရားကိုယ်တော်တိုင် မိန့်မြွက်ထားခဲ့လေသည်။

**၂။ ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူသည်။** ထာဝရဘုရား၏ မျက်စိတော်သည် ခပ်သိမ်းသောအရပ်၌ရှိ၍ ကောင်းမကောင်းကို ကြည့်ရှုတော်မူ၏။ (သုတ္တံကျမ်း ၁၅:၃) ဆိုလိုသည်မှာ ဘုရားသခင်သည် သင်၏ စိတ်တွင်း၌ ဝှက်ထားသောအလွန်သေးငယ်သည့် စဉ်းစားထင်မြင်ချက်ကလေးများကိုလည်း ဘုရားသခင်သည် သိတော်မူ၏။

**၃။ ဘုရားသခင်အတွက် မမြင်နိုင်သောအရာတစ်ခုမျှမရှိ။** ဘုရားသခင်သည် အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူ၏။ ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်။ (ရှင်မဿဲ ၁၉:၂၆)

**၄။ ဘုရားသခင်သည် ထာဝရတည်ရှိတော်မူသော ဘုရားဖြစ်၏။** သိခဲ့သည့်အတိုင်း ကိုယ်တော်၌ အချိန်ကာလကန့်သတ်ခြင်းမရှိ။ ကိုယ်တော်ရှင်သည် ထာဝရအစဉ်တည်ရှိတော်မူသည်။ တောင်များမဖော်၊ မြေကြီးနှင့် လောကဓာတ်ကို ဖန်ဆင်းတော်မမူမီ ကိုယ်တော်သည် ရှေးကမ္ဘာအဆက်ဆက်မှစ၍

နောက်ကမ္ဘာ အဆက်ဆက်တိုင်အောင် ဘုရားသခင်ဖြစ်တော်မူ၏။ (ဆာလံ၊ ၉ဝ:၂)

**၅။ ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူ။** ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်အခြေအနေကြောင့် အစဉ်မပြတ် ပြောင်းလဲတတ်ပါသည်။ သို့ရာတွင် ဘုရားသခင်သည် မပြောင်းလဲပေ။ ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်း မရှိ။ (မာလခိ ၃:၆) ဤအကြောင်းသည် ဘုရားသခင်ကိုယ်တော်တိုင် ဖော်ပြတော်မူပါသည်။

**၆။ ဘုရားသခင်သည် သန့်ရှင်းမြင့်မြတ်တော်မူ၏။** ဘုရားသခင်သည် အဆိုးအပြစ် ယုတ်ညံ့သော၊ ဖောက်ပြန်သော၊ မမှန်ကန်သောအရာမရှိ၊ ကိုယ်တော်သည် ယင်းတို့ကို ခင်တွယ်ခြင်းမရှိ။ သင့်မြတ်အောင်လည်း မပေါင်းနိုင်ပေ။ မတရားသောသူလိုက်သောလမ်းကို ထာဝရဘုရား စက်ဆုပ်ရွံ့ရှာတော်မူ၏။ (သုတ္တံကျမ်း ၁၅:၉၊၂၆) သင်တို့ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ၊ ကြားတော်မမူစေခြင်းငှါ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ၊ (ဟေရှာယ၊ ၅၉:၂) ဘုရားသခင်သည် သန့်ရှင်းမြင့်မြတ်သောကြောင့် သင်နှင့် ကိုယ်တော်ရှင်၏ကြားတွင် အပြစ်ရှိနေခြင်းကို ခွင့်မပြုနိုင်။

**၇။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူ၏။** တနည်းဆိုရသော် ဘုရားသခင်သည် မှန်ကန်ဖြောင့်မတ်တော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် မျက်နှာမလိုက်။ မိမိ၏စီရင်ခြင်းသည် ဖြောင့်မတ်၍ တရားမျှတသည်။ အို.. ထာဝရဘုရား ကိုယ်တော်သည် ဖြောင့်မတ်တော်မူ၏။ စီရင်တော်မူချက်တို့သည် ဖြောင့်မတ်ကြပါ၏။ (ဆာလံကျမ်း ၁၁၉:၁၃၇)

**၈။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။** သင်၏ နေ့စဉ်အသက်ရှင်ခြင်းနှင့် သင်၏အသက်ရှင်ခြင်း၌ လက်တွေ့ကျင့်သုံးသော ခရစ်

ယာန်တို့၏ ယုံကြည်ခြင်းအရဆိုသော် ယင်းအချက်သည် ဘုရားသခင်ကို သိရှိနိုင်သော ကိုယ်တော်၏ အရေးကြီးဆုံး ဂုဏ်အင်လက္ခဏာပေတည်း။

ဘုရားသခင်သည် အနန္တတန်ခိုးရှိ၍ သန့်ရှင်းမြင့်မြတ်သော ဖြောင့်မတ်သော၊ ထာဝရစဉ်တည်မြဲသော ဘုရားဖြစ်ကြောင်းကို သင်သိနားလည်သောအခါတွင် ကိုယ်တော်ကို သဘာဝအလျောက် ကြောက်ရွံ့ရိုသေ လေးစားခြင်းရှိပါလိမ့်မည်။ အကြောင်းမှာ သင့်ထဲ၌ကောင်းသောအရာ တစ်စုံတစ်ခုမျှ မတည်သည်ကို သင်သိခြင်းကြောင့် ဖြစ်လေသည်။ (ရောမ၊ ၇:၁၈) ကို ကြည့်ပါ။

သို့ရာတွင် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ကြောင်းကို သင်ယုံကြည်သောအခါ ကိုယ်တော်ရှင်အပေါ်၌ သစ္စာရှိလာပါလိမ့်မည်။ ဘုရားသခင်သည် သင့်ကို အလွန်ချစ်သည့်အတွက် သူ၏တစ်ပါးတည်းသောသားတော်ကို သင့်ကိုယ်စား အသေခံစေလျက် သင်၏အပြစ်များကို ဖြေလွှတ်စေတော်မူသည်။

သင် မမွေးဖွားမီကပင် ဘုရားသခင်သည် သင့်ကို ချစ်နှင့်ခဲ့ ကိုယ်တော်သည် ယခုသင့်ကို ချစ်သည် နောင်တွင်လည်း အစဉ်ချစ်မည်။ ထာဝစဉ်ချစ်နေမည်။

ကိုယ်တော်သည် သင့်ကို ချစ်သောကြောင့် သင့်ကိုစောင့်ရှောက်တော်မူ၏။ သင်သည် သင်၏ ဒုက္ခဆင်းရဲမှု မှန်သမျှတို့ကို ကိုယ်တော်၏ ရှေ့တော်သို့ ယူဆောင်လာဖို့ရန် ကိုယ်တော်သည် လိုလားလျက်ရှိသည်။ အကြောင်းမှာ ကိုယ်တော်သည် တတ်စွမ်းနိုင်သည့်အလျောက် သင့်အတွက် နှစ်သိမ့်မှုနှင့် ဖြေရှင်းမည့် နည်းလမ်းများကို ပြင်ဆင်ပေးထားရန် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံတော်မူသောကြောင့် သင်၏အသက်တာအတွက် အကောင်းဆုံးဖြစ်သောအရာများကို ပြင်ဆင်ပေးလိုပါသည်။ ကိုယ်တော်သည် သင့်ကိုချစ်သည့်အတွက် မိမိ၏ပျော်ရွှင်ခြင်းနှင့် ဝမ်းမြောက်ခြင်းများကို သင့်အား ဝေမျှ၍ အတူ

တကွ ခံစားစေချင်ပါသည်။ တစ်ဖန် ဘုရားသခင်သည် သင့်ကိုချစ်သောကြောင့် သင်၏ ဆုတောင်းခြင်းကိုလည်း အဖြေပေးပါလိမ့်မည်။

သင့်အပေါ်၌ ထားရှိသော ဘုရားသခင်၏ မေတ္တာသည် သန့်ရှင်းဖြူစင်လျက် ကိုယ်ကျိုးမဲ့ပြီး စုံလင်ပါသည်။ သင်သည် ကိုယ်တော်၏ မေတ္တာနှင့် မထိုက်တန်ပါ။ သင်၏ လူပကတိသဘောသဘာဝမှာ ဘုရားသခင်ကို ပုန်ကန်သောစိတ်ရှိသည်။ အကယ်၍ သင့်ကို ဤအတိုင်းထားခဲ့သော် သင်သည် အပြစ်တွင်း၌ရှိသော သေရပါလိမ့်မည်။ သို့ရာတွင် ဘုရားသခင်သည် သင့်ကို ချစ်တော်မူသည်။ သင်နှင့်ထိုက်တန်၍လည်းကောင်း၊ သင်၏လုပ်ဆောင်မှု တစ်ခုခုကြောင့် ကိုယ်တော်၏မေတ္တာတော်အား ရယူနိုင်ခဲ့သည်မဟုတ်၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်ကြောင့်ပေတည်း။ ဘုရားသခင်သည် သူ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကသားတို့ကို ချစ်တော်မူ၏။

သင့်အပေါ်တွင် ဤကဲ့သို့သော မေတ္တာစိတ်မျိုးထားရှိသည်ကို သင်သိနားလည်းသောအခါတွင် ကိုယ်တော်၏ မျှော်လင့်ခြင်းနှင့် လိုလားမှုအတိုင်း အသက်ရှင်ပေလိမ့်မည်။ ဤသည်ပင် ခရစ်တော်၌ သင်၏ဝိညာဉ်အသက်တာ၏ မှန်ကန်သော အစဖြစ်လေသည်။

*ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။(၁ယော၊ ၄:၈)*

ဘုရားသခင်သည် ဤသို့သောဘုရားဖြစ်ပါသည်. သင်သည် သားတော်သခင်ယေရှုခရစ်ကို သင်၏ ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအချိန်သည် ဘုရားသခင်က သင်ကိုအပြစ်ထဲမှ ကယ်တင်လိုက်ခြင်းပေတည်း။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် သင့်ကို ထာဝရအသက်ပေးတော်မူ၏။ ယခု သင်သည် ဤဘုရားသခင်နှင့် စပ်ဆိုင်လာပေပြီ။ အကြောင်းမှာ သင်သည် ဘုရား

သခင်၏ သားသမီးဖြစ်လာသောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ချစ်မြတ်နိုးလျက် သင့်ကို ကြည့်ရှုတော်မူသောကြောင့် သင်၏ဒုက္ခပြဿနာများကို သူ့အား တင်ပြစေချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် သင့်အား ချစ်၍ ပြဿနာများကို အဖြေပေးလိုပါသည်။ သင်ကိုယ်တိုင်ကလည်း ပြန်၍ ချစ်စေချင်ပါသည်။

သင်၏ မိဘ၊ သားသမီး၊ ဆွေမျိုးမိတ်ဆွေများ ချစ်သည်ထက် ဘုရားသခင်က သင့်အား ချစ်ပါသည်။ သူသည် အမှန်ပင်ချစ်မြတ်နိုးပါသည်။ ဘုရားသခင်သည် သင်ခံစားထိုက်၍ သော်လည်းကောင်း၊ ကောင်းမှုပြုသောကြောင့်လည်းကောင်း ချစ်သည်မဟုတ်ပါ။ ဘုရားသခင် သင့်အား ချစ်သည်မှာ မေတ္တာတော်ရှင်ဖြစ်သောကြောင့်တည်း။

ဘုရားရှင်၏ မေတ္တာကို သင်သည် ခံစားရလာလျှင် သင်ကိုယ်တိုင်က ပြန်လည် ချစ်လာ၍ ကိုယ်တိုင်က ပြန်လည်ချစ်လာ၍ ကိုယ်တော်နှစ်သက်တော်မူရာကိုသာ ပြုမည်ဖြစ်၏။ ဤနည်းအားဖြင့် ခရစ်ယာန် အသက်တာလမ်းကို စ၍ ပျိုးနိုင်ခဲ့လေသည်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၍ သားတော်ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်ခြင်းအားဖြင့် သင်ခံစားရမည့် အပြစ်ဒုစရိုက်မှ ကယ်တင်ခြင်းရရှိနိုင်ပါသည်။ ဘုရားသခင်သည် ထာဝရအသက်ကိုလည်း ပေးသည်မှာ ယေရှုခရစ်တော်သည် သင်၏ကိုယ်စားလက်ဝါးကားတိုင်ပေါ်တွင် စီရင်ခြင်းကို ခံယူလျက်အသေခံခြင်းအားဖြင့် ဖြစ်လေသည်။

ယခု ကျွန်ုပ်တို့၏ ဘုရားသခင်မှာ မည်သူဖြစ်သနည်း။ ကိုယ်တော်၏ နဂိုပကတိ ဂုဏ်အင်လက္ခဏာသည် မည်သို့ရှိကြောင်းကို လေ့လာစဉ်းစားခြင်းဖြင့် ဤအခန်းကို အဆုံးသတ်ကြပါစို့။

ဤစကြာဝဠာအတွင်းတွင် ဘုရားတစ်ဆူတည်းသာ ရှိသည်ကို လေ့လာခဲ့ပေသည်။ ယင်းသည် အမှန်တကယ်ပင် ဖြစ်ပါသည်။ သို့ရာတွင် ဤတစ်ဆူတည်းသောဘုရားသည် ကျွန်ုပ်တို့အတွက် နည်း(၃)မျိုးနှင့် ထင်ရှားဖော်ပြထားလေသည်။ ထို့ကြောင့် သုံးပါးပေါင်းတစ်ဆူဟု ခေါ်ဝေါ်ရခြင်းဖြစ်လေသည်။

ထိုအရာနှင့် ပတ်သက်၍ ကျမ်းစာထဲ၌ မည်သို့ဆိုထားသည်ကို လေ့လာရပါမည်။ **သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင်ထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိစေသော …** (ရောမ၊ ၁:၇)။

**သားတော်ကိုကား၊ အို ဘုရားသခင် ကိုယ်တော်၏ ပလ္လင်တော်သည် နိစ္စထာဝရပလ္လင် ဖြစ်ပါ၏။** (ဟေဗြဲ၊ ၁:၈)

**ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တစ်ပါးသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ်တည်နေခြင်းငှါ သင်တို့အားပေးတော်မူမည်။** (ယော၊ ၁၄:၁၆)

**သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို လှည့်စား၍ စာတန်သည် သင်၏စိတ်နှလုံးသည် အဘယ်ကြောင့် ပြည့်စုံစေရသနည်း။ လူကိုသာ မုသာပြောပြီ မဟုတ်၊ ဘုရားသခင်ကိုလည်း မုသာပြောပြီ။ (**တမန်၊ ၅:၃-၄)

ယင်းကျမ်းချက်များကို သေချာစွာ စီစစ်ကြည့်လိုက်လျှင် ဘုရားသခင်အား နာမတော်သုံးမျိုးနှင့် ဖော်ပြထားကြောင်းကို တွေ့နိုင်ပေသည်။ အဘဘုရားသခင်၊ သားတော်သခင်ယေရှုခရစ်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့ဖြစ်ပါသည်။ ယေဘူယျအားဖြင့် ဤအမည်ကို ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဟု ခေါ်ဝေါ်ကြပါသည်။ ဤသည်မှာ ဖော်ပြပါ သုံးပါးတစ်ဆူဘုရားအကြောင်းပေတည်း။

ကျမ်းစာမှအပ မည်သည့်နေရာမှ သုံးပါးတစ်ဆူနှင့် ပတ်သက်သော အဆိုမရှိပါ။ တဖန် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် စပ်ဆိုင်သောအလုပ်ကြောင့် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ကျမ်းစာထဲ၌ ထင်ရှားစွာ ဖော်ပြထားပါသည်။

ရှင်မဿဲ ၃:၁၆-၁၇ နှင့် ၂၈:၁၉၊ ၂ကော ၁၃:၁၄ ကို ကျေးဇူးပြု၍ ဖတ်ကြည့်ပါ။

ယေရှုသည် ဗတ္တိဇံကို ခံတော်မူပြီးလျှင် ရေပေါ်ထစဉ်တွင် ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရ၍ ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေးတည်းဟု ကောင်းကင်အသံတော်ဖြစ်လေသည်။

သခင်ယေရှုခရစ်၏ ကျေးဇူးတော်လည်းကောင်း၊ ဘုရားသခင်၏ မေတ္တာတော်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယသော်လည်းကောင်း၊ သင်တို့အပေါ်၌ ရှိစေသတည်း။ အာမင်။

ဘုရားသခင်အကြောင်းနှင့် ပတ်သက်၍ လေ့လာခြင်းကို ဤနေရာတွင် တစ်ခန်း ရပ်နားကြဦးစို့။

## အခန်း (၃) လူ

ဤသည် သင်ခန်းစာ (၁) ၏ နောက်ပိုင်းအခန်းဖြစ်၍ လူအကြောင်း တနည်းအားဖြင့် သင်၏အကြောင်းကို လေ့လာမည်။ ဤနေရာမှာလည်း လူအကြောင်း၏ ဇစ်မြစ်များကို ကျမ်းစာထဲမှ ရှာယူမည်ဖြစ်သည်။ သင်ကိုယ်တိုင်၏ ကိုယ်ပိုင်ခွဲခြားမှု သင်၏အသိဉာဏ် သို့မဟုတ် သင်၏ အကြိုက်နှင့် ဆုံးဖြတ်မည် မဟုတ်။

ဦးစွာ ကျွန်ုပ်တို့သည် ရှေ့ကျသော ပြဿနာ (မေးခွန်း)ကို အနည်းငယ် စဉ်းစားကြပါစို့။ လူသည် ဘယ်ကလာခဲ့သနည်း။ ယင်းအတွက် ထင်မြင်ယူဆ ချက်နှစ်မျိုးရှိလေသည်။ လူ၏ယူဆချက်နှင့် ဘုရားသခင်၏ ယူဆချက်ပင်ဖြစ် သည်။ ဘုရားသခင်၏ ယူဆချက်သည် ကျမ်းစာထဲ၌ မှတ်သားထားသကဲ့သို့ ဖြစ် သည်။ လူ၏ယူဆချက်မှာမူ လူ့သဘာဝအလျောက် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာ သော သတ္တဝါ ဖြစ်ပါသည်။ ဆိုလိုခြင်းမှာ သင်သည် ယခုဆိုလျှင် တိုးတက်ဖြစ် ထွန်းလာသည့် သတ္တဝါမျိုးဖြစ်ပြီး ရှေးနှစ်ပေါင်း လွန်စွာကြာမြင့်သော အချိန်ကာ လက အလွန်သေးငယ်၍ မျက်စိနှင့် မမြင်နိုင်သော မထွန်းကားသေးသော အာမီး ပါး (Amoeba) ခေါ်ဆိုသည့် သတ္တဝါမှ တဖြည်းဖြည်းဆင့်ကဲ့ တိုးတက်ဖြစ်ထွန်း လာခြင်းဖြစ်သည်ဟု ဆိုသည်။

ချာလ်ဒါဝင်ဆိုသည့် ပုဂ္ဂိုလ်ကို သင်ကြားဖူးပါသလား။ သူသည် ဆင့်ကဲ ဆင့်ကဲ ဖြစ်ထွန်းသောအဆိုကို ထုတ်ဖော်ပြောဆိုသောသူဖြစ်လေသည်။ သူက လူသည် အာမီးပါးဆိုသည့် သတ္တဝါမှ အစပြု၍ ဖြတ်ထွန်းလာသည့်အကြောင်း ကို ခိုင်မာစွာ ထုတ်ဖော်ပြောဆိုခဲ့လေသည်။ သို့သော် ၎င်း၏အဆိုသည် နောင် ကာလတွင် မှားယွင်းကြောင်း တွေ့ရှိရလေသည်။

ကျမ်းစာကမူ ဘုရားသခင်သည် လူကို မိမိ၏ ချစ်မေတ္တာအားဖြင့် တိုက် ရိုက်ဖန်ဆင်းကြောင်း ပြောဆိုထားပါသည်။ ဘုရားသခင်သည် မိမိနှုတ်ကပတ် တော်ဖြင့် ဖန်ဆင်းထားပါသည်။ သင်သည် အမှတ်တမဲ့ ဖြစ်ပေါ်လာသည် မဟုတ်။ ဘုရားသခင်က သင့်အား ဖန်ဆင်းခြင်းသည် ထင်ရှားသော ရည်ရွယ် ချက်တစ်ခုရှိသည်။

ဘုရားသခင်သသည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ (ကမ္ဘာဦးကျမ်း၊ ၁:၂၇)

သင်သည် အလွန်သေးနုတ်သော သတ္တဝါမှ အဆင့်ဆင့် ဖြတ်ထွန်းပေါ် ထွက်လာသော သတ္တဝါမဟုတ်ပါ။ ဘုရားသခင်သည် ကမ္ဘာပေါ်ရှိသော သတ္တဝါများအပြင် လူကို သီးခြားဖန်ဆင်းခဲလေသည်။

ငါနာမဖြင့် သမုတ်သောသူ၊ ငါ၏ဘုန်းအသရေဖို့ ငါဖန်ဆင်းပြုပြင်၍ ဧကန်စင်စစ် လုပ်ပြီးသောသူ အပေါင်းတို့ကို ဆောင်ခဲ့လော့ဟု ငါပြောမည်။ (ဟေရှာယ၊ ၄၃:၇)။ ယင်းသည် ဘုရားသခင်ကိုယ်တော်တိုင်၏စကားဖြစ်သည်။

ဘုရားသခင်သည် လူကို ဖန်ဆင်းပြီးနောက် သူတို့ကို အခွင့်အရေးနှစ်ခု ပေးခဲ့ပါသည်။

**(၁) လူသည် အခြားသော သတ္တဝါတို့ကို အုပ်စိုးရမည်။** ဘုရားသခင်မိန့်တော်မူသည်မှာ သူသည် ပင်လယ်ငါးတို့ကိုလည်းကောင်း၊ သားယဉ်ကိုလည်းကောင်း၊ မြေပြင်လုံးနှင့်တကွ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း အုပ်စိုးစေဟု မိန့်တော်မူ၏။ (ကမ္ဘာဦးကျမ်း၊ ၁:၂၆)

**(၂) ဒုတိယအခွင့်အရေးမှဉီ လူကို ရွေးချယ်နိုင်သော လွတ်လပ်ခွင့် ပေးထားလေသည်။** သင်သည် မိမိသဘောအတိုင်း မလှုပ်ရှားနိုင်။ မိမိအလိုဆန္ဒအတိုင်း မပြုလုပ်နိုင်သော စက်ယန္တရားတစ်ခုမဟုတ်ပါ။ သင်သည် အကောင်းနှင့်အဆိုးကို ရွေးချယ်နိုင်သော၊ လွတ်လပ်ခွင့်ကို အသုံးပြုတတ်သောသူတစ်ဦး အနေနှင့် ဖန်ဆင်းခံရပါသည်။ သင်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသူဖြစ်လေသည်။ သင်ကဲ့သို့ အပြစ်ရှိပြီး မပြည့်စုံသောသူတစ်ယောက်သည် ဘုရားသခင်၏ ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းခံရသည်ကို အံ့သြ၍ မနေပေဘူးလား။

ကျမ်းစာထဲ၌ ဤသို့ဆိုထားလေသည်။

ငါတို့ ပုံသဏ္ဍာန် (ဘုရားသခင်၏ပုံသဏ္ဍာန်) နှင့်အညီ တသဏ္ဍာန် တည်း (ဘုရားသခင်၏ တညီတသဏ္ဍာန်တည်း) လူကို ဖန်ဆင်းကြစို့။ ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ (ကမ္ဘာဦး၊ ၁:၂၆-၂၇)

ဒုတိယပိုင်းအနေနှင့် ကျွန်ုပ်တို့သည် လူ(သင်အပါအဝင်) ကို ယခု လေ့ လာကြစို့။ ကျွန်ုပ်တို့သည် သိပြီးခဲ့သည့်အတိုင်း လူသည် ရွေးချယ်နိုင်သော လွတ် လပ်ခွင့်ရှိပါသည်။ လူ၏ ပထမဦးဆုံးရွေးချယ်ခြင်းသည် အဘယ်အရာနည်း။ ကျမ်းစာထဲမှာ ကမ္ဘာဦးကျမ်း အခန်းကြီး (၃) ကို ဖွင့်၍ ဖြည်းဖြည်းနှင့် သေသေ ချာချာ ပုံပေါ်လာသည့်တိုင်အောင် ဖတ်ကြည့်ပါ။ အဘယ်ကြောင့်ဆိုသော် သင် သည် ၎င်းမှတစ်ဆင့် မေးခွန်း၏အဖြေကို ရနိုင်ပါသည်။ လူ၏ ပထမဦးဆုံးရွေး ချယ်ခြင်းသည် အဘယ်အရာနည်း။ လူ၏အကြိုက်သည် မည်သို့ရှိသနည်း။

အထက်ပါကျမ်းကို သင်ဖတ်ပြီးပြီလား။ သင်သည် ယင်းအဓိပ္ပါယ်ကို နားလည်ပါသလား။ နားမလည်သေးလျှင် တစ်ခေါက်ပြန်၍ ပြန်ဖတ်ပါ။

ကျမ်းစာထဲ၌ ဖော်ပြထားသည်မှာ လူ၏ ပထမဦးဆုံးရွေးချယ်ခြင်းသည် အပြစ်ပင်ဖြစ်သည်။ သွေးဆောင်စုံစမ်းခြင်းနှင့် တွေ့ကြုံသည့်အခါ လူသည် လွတ်လပ်သော ရွေးချယ်နိုင်ခွင့်ကို အသုံးပြုပြီး အပြစ်ကို ရွေးချယ်ခဲ့လေသည်။ သူသည် (သင်လည်းအပါအဝင်) ဘုရားသခင်၏အမိန့်တော်ကို မထီမဲ့မြင်ပြုခဲ့ ပါသည်။ (နားမထောင်ခဲ့ပါ) သို့နှင့် လူသည် (သင်လည်းအပါအဝင်) ဘုရားသခင် ၏ရှေ့တော်မှ ရှောင်ခွာ၍ နေပါသည်။ လူသည် (သင်လည်းအပါအဝင်) ဘုရား သခင်၏အလိုတော်ကို သစ္စာမဲ့ ခဲ့ပါသည်။

ဤသို့ဆိုသော် မည်သို့ဖြစ်ပေါ်လာမည်နည်း။

လူသည် အပြစ်ကို ပြုခဲ့သည်။ အပြစ်၏အဖိုးအခသည် သေခြင်းပင်ဖြစ်၏။ ဘုရားသခင်သည် သန့်ရှင်းစင်ကြယ်သည်ဖြစ်သောကြောင့် အပြစ်ကို ခွင့်မလွှတ်နိုင်ပါ။ အပြစ်နှင့်မကျေအေးနိုင်ပါ။ ကိုယ်တော်ရှင်သည် အပြစ်အတိုင်း စီရင်ရမည်။

ထို ပထမဆုံးသောအပြစ်မှစ၍ နောင်လာနောင်သားအားလုံးတို့သည် အပြစ်၌ မွေးဖွားလာ၍ အပြစ်ကြောင့် ဘုရားသခင်နှင့် သီးခြားစွာနေစေရသည်။ ကျွန်ုပ်သည် မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏။ (ဆာလံကျမ်း၊ ၅၁:၅)

နောင်မေးခွန်းတစ်ခုရှိပါသေးသည်။ လူသည် နောက်ဆုံးမည်သည့်နေရာသို့ ရောက်ရပါမည်နည်း။ တစ်နည်းဆိုသော် သင်၏နောက်ဆုံးခရီးလမ်းသည် မည်သည့်နေရာနည်း။

အထက်တွင် ဖတ်ခဲ့သည့်အတိုင်း လူသည် (သင်လည်းအပါအဝင်)အပြစ်ရှိကြပါသည်။ အပြစ်၏ရလဒ်သည် သေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် လူတိုင်းလူတိုင်းတို့သည် သေရလိမ့်မည်။ ဤသည်ကား အားလုံး (သင်နှင့် ကျွန်ုပ်တို့သည် အပါအဝင်)၏ ခရီးလမ်းဆုံးဖြစ်ပါသည်။ ကျမ်းစာကလည်း ဆိုထားပါသည်။ အပြစ်တရား၏အခကား သေခြင်းပေတည်း။ (ရောမ၊ ၁၆:၂၃) သို့သော် ထိုကျမ်းပိုဒ်၌ အောက်ပါအတိုင်း ဆက်၍ ဆိုထားသည်မှာ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့ သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက် (သေခြင်းကို လွန်ဆန်သောအသက်)ပေသည်။

ဤအကြောင်းနှင့် ပတ်သက်၍ လာမည့်သင်ခန်းစာ၌ လေ့လာကြပါစို့။

# သင်ခန်းစာ (၂)

# သင်ယုံကြည်ရမည့်အကြောင်းအရာသုံးခု

## အခန်း (၁) အပြစ်

ဤသင်ခန်းစာ (၂) ၌၊ သင်နှင့် ထပ်မံတွေ့ရသည့်အတွက် ဝမ်းမြောက်ပါသည်။ သင်၏ သင်ခန်းစာ (၁) အတွက် အဖြေလွှာကိုလည်း သေချာစွာ စစ်ဆေးပြီးပါပြီ။ ၎င်းကို ဤသင်ခန်းစာနှင့်အတူ ပြန်ပို့ပေးလိုက်ပါသည်။

ယခင် သင်ခန်းစာ၏ အခန်း (၃) တွင် လူ (သင်အပါအဝင်) အကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ပါသည်။ ဘုရားသခင်က လူကို မည်သို့ ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် ယင်းလူကို မည်မျှ နှစ်သက်ခဲ့သည်။ လူသားတို့သည် မည်သို့ အပြစ်ပြုမိ၍ အပြစ်ကြောင့် သေခြင်းသည် မည်သို့ ရောက်ရှိလာသည်ကို ကျွန်ုပ်တို့လေ့လာခဲ့၏။

ဤသင်ခန်းစာ၌ လူသား(သင်အပါအဝင်) တို့အား ပျက်စီးစေ၍ ကျွန်ုပ်တို့အား သေခြင်းသို့ ဆွဲသွင်းသောအပြစ်၏အကြောင်းကို ပိုမိုလေးနက်စွာ လေ့လာကြပါစို့။

အဘယ်ကြောင့်ဆိုသော် သင်သည် အပြစ်အကြောင်းကို မသိလျှင် ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို ရောက်ရှိလာပုံကို သင်နားလည်နိုင်မည် မဟုတ်ပါ။ သမ္မာကျမ်းစာ တစ်အုပ်လုံး၌ အပြစ်နှင့်အပြစ်များအကြောင်းကို အမြဲဖော်ပြထားသည်ကို သင်တွေ့ရပါလိမ့်မည်။

ယခု အပြစ်အကြောင်းကို မလေ့လာမီ ကျွန်ုပ်တို့သည် ရှင်းလင်းပြတ်သားစွာ နားလည်ရမည့်အရာတစ်ခုရှိပါသည်။ ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ လူသတ်ခြင်းတို့သည် အပြစ်များဖြစ်ကြသော်လည်း ကျွန်ုပ်တို့အား အပြစ်အမျိုးမျိုးကို ကျူးလွန်စေရန် အားပေးလှုံ့ဆော်သော ပင်ကိုယ်စိတ်အတွင်းမှ ဖြစ်ပေါ်လာသည့်အပြစ်ကို ဆိုလိုပါသည်။ အပြစ်၏အကြောင်းရင်းကို ကျွန်ုပ်တို့ လေ့လာရန်ဖြစ်ပါသည်။ အပြစ်၏ အကျိုးသက်သက်ကိုသာ လေ့လာရန်မဟုတ်ပါ။

## အပြစ်ဆိုသည်မှာအဘယ်နည်း။

**(၁) ဘုရားသခင်ချမှတ်ထားသော အဆင့်ကိုမီအောင်မလိုက်နိုင်ခြင်း** သည် သင်၏အပြစ်ပေတည်း။ အဘယ်ကြောင့်နည်းဟူမူကား လူအပေါင်းတို့သည် ဒုစရိုက်(အပြစ်) ကိုပြု၍ ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ။ (ရောမ၊ ၃:၂၃)

အထက်တွင် ဖော်ပြသော ဘုရားသခင်၏ ဘုန်းအသရေဆိုသည်မှာ လုံးဝပြည့်စုံခြင်းကို ဆိုပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အတွေးအခေါ်၊ အပြုအမူ၊ အပြောအဆိုနှင့် ကျွန်ုပ်တို့၏ အသက်တာ၌ပင် တိကျပြည့်စုံသော စံချိန်ကို ချမှတ်ပေးထားပါသည်။ ဤစံချိန်ကို မမီသော အပြောအဆို၊ အပြုအမူနှင့် အတွေးအခေါ်တို့သည် အပြစ်ပင် ဖြစ်ပါသည်။

**(၂) ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ခြင်း** သည် အပြစ်ပင်တည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ချမှတ်ထားသောစံချိန်ကို မမီသည်သာမက ဘုရားသခင်၏ ပညတ်တော်ကိုလည်း အစဉ်အမြဲချိုးဖောက်လျက်ရှိလေသည်။ ကျွန်ုပ်တို့အား ပျော်ရွှင်စွာနေထိုင်နိုင်ရန်အလို့ငှာ ဘုရားသခင်သည် ပညတ်တော်အချို့ကို ချမှတ်ခဲ့၏။ သို့သော် ကျွန်ုပ်တို့သည် များသောအားဖြင့် မပျော်

ရှင်ပါ။ ဤသို့ဖြစ်ရခြင်းသည် ဘုရားသခင်၏ ပညတ်တော်ကို မလိုက်နာခြင်းကြောင့်တည်း။

**(၃) ညစ်ညူးသောအတွေးနှင့် အပြုအမူမှန်သမျှတို့သည်**အပြစ်ပင် ဖြစ်ပါသည်။ သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီး။ ငါ့ပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသောသူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ။ (ရှင်မဿဲ၊ ၅:၂၇-၂၈)

**(၄) သင်သည် ကောင်းသောအလုပ်ကို ပြုရမည်ဟုသိသော်လည်း မပြုဘဲနေလျှင်** အပြစ်ပင် ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့သည် ဤအရာကို မပြုလုပ်၊ ထိုအရာကိုလည်း မပြုလုပ်ဆိုလျှင် အပြစ်မရှိဟု ကျွန်ုပ်တို့ယူဆကြ၏။ သို့သော် ခရစ်ယာန်ဘာသာသည် မပြုလုပ်သောဘာသာမဟုတ်၊ ပြုလော့ဟူသော ဘာသာပေတည်း။ ခရစ်ယာန်ဘာသာ၏ မင်္ဂလာတရားသည် ငြင်းဆန်သော သို့မဟုတ် မလှုပ်မရှားသော တရားတော်မဟုတ်။ ၎င်းသည် သင့်အား ကောင်းသောအလုပ်ပြုရန် တောင်းဆိုသည်။ အားပေးသည်။ သင်သည် မကောင်းသောအမှုကို ရှောင်ရုံနှင့် မပြီးပါ။ ကောင်းသောအကျင့်ကို သိလျက် မကျင့်ဘဲနေသောသူသည် အပြစ်ရှိ၏။ (ယာကုပ်၊ ၄:၁၇)

ယခု ကျွန်ုပ်တို့အားလုံးကို ခြုံ၍ ဆိုရလျှင် သမ္မာကျမ်းစာအရ ဘုရားသခင် ချမှတ်ထားသောအဆင့်ကို မီအောင် မလိုက်နာခြင်း၊ ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ခြင်း၊ ညစ်ညူးသောအတွေးနှင့် အပြုအမူမှန်သမျှ၊ ကောင်းသောအမှု ပြုရမည်ကို သိလျက်နှင့် မပြုဘဲနေခြင်းတို့သည် ကျွန်ုပ်တို့ ဆိုလိုသော အပြစ်ပင်ဖြစ်ပါသည်။

ဤမျှမကသေးပါ။ ကျမ်းစာ၌ ဆိုထားသည်ကို သင်လည်းမှတ်ထားရမည်မှာ နောက်ဆုံးအခွင့်အာဏာသည် ကျမ်းစာ၌ တည်ရှိသည်။ ပညတ်တရား

အလုံးစုံကို စောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်ရားအလုံးစုံကို လွန်ကျူးသော အပြစ်ရှိ၏။ (ရှင်ယာကုပ်၊ ၂:၁၀) တစ်နည်းအားဖြင့်ဆိုလျှင် သင်သည် ဘုရားသခင်ချမှတ်ထားသော အဆင့်ကိုမီ၏ ဘုရားသခင်၏ (ပညတ်တရား)ကိုလည်း မချိုးဖောက်၊ သင်၏စိတ်ထဲ၌ မည်သည့်ညစ်ညမ်းသောအတွေးလည်းမရှိ။ မည်သည့် မကောင်းသောအပြုအမူကိုလည်း မပြုလုပ်။ သို့သော်လည်း ကောင်းသောအမှုကို ပြုလုပ်ရမည်ကို သိလျက်နှင့် မပြုဘဲနေလျှင် သင်သည် (ပညတ်တရား) တစ်ခုလုံးကို ချိုးဖော်မိ၏။ ဤသို့ဆိုလျှင် အဘယ်သူသည် အပြစ်သားမဟုတ်သနည်းဟု သင်မေးပေလိမ့်မည်။

မှန်ပါသည်၊ အဘယ်သူသည် အပြစ်သားမဟုတ်သနည်း။ ထို့ကြောင့် ကျမ်းစာထဲ၌ ဤသို့ဆိုထား၏။ လူအပေါင်းသည် ဒုစရိုက်(အပြစ်) ကိုပြု၏။ (ရောမ၊ ၃:၂၃) ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (ရောမ၊ ၃:၁၀)

သင်သည် အပြစ်သားတစ်ယောက်ဖြစ်နေကြောင်းကို သင်၏ပညာအရည်အချင်း၊ အိမ်ထောင်ရေးနောက်ခံ၊ လူမှုရေး၊ ရာထူး၊ စီးပွားရေး၊ အခြေအနေ၊ ဉာဏ်ပညာနှင့် လုပ်ရည်ကိုင်ရည်၊ အကျင့်စာရိတ္တအားလုံးတို့က ပြောင်းလဲပစ်နိုင်မည်မဟုတ်။ အထက်တွင် ဖော်ပြခဲ့ပြီးသော အပြစ်လေးချက်တွင် အပြစ်တစ်ချက်ကိုမှ မပြုလုပ်မိသောသူသည် ဤကမ္ဘာ၌ ရှိသည်ဟု သင်ထင်ပါသလား

ထို့ကြောင့် သင်နှင့်ကျွန်ုပ်အပါအဝင် လူသားအားလုံးတို့သည် ဘုရားသခင်၏ ရှေ့တော်၌ ဒုစရိုက်အပြစ်များကို ပြုမိခဲ့၏။ အပြစ်၏ အခသည် သေခြင်းပင်ဖြစ်သည်။ သို့နှင့် ဤကဲ့သို့ပင် အဆုံးသတ်မည်လော။

ဘုရားသခင်သည် မေတ္တာပင်ဖြစ်သည်ကို သင်ခန်းစာ(၁)၌ ကျွန်ုပ်တို့တွေ့ခဲ့သည်။ မေတ္တာတော်နှင့် ပြည့်စုံသော ဘုရားသခင်သည် လူသားတို့ ပျက်စီးဆုံးရှုံးမည့်ဘေးကို မြင်လျက်နှင့် တစ်စုံတစ်ခုမျှ မပြုလုပ်ဘဲ နေနိုင်ပါမည်လော။

## အခန်း (၂)    ယေရှုခရစ်

အပြစ်ကြောင့် လူသား (သင်အပါအဝင်) တို့၏ အခြေအနေသည် မည်သို့မျှ မျှော်လင့်ချက်မရှိပါ။ မည်မျှဆိုးသွမ်းသည်ဆိုသည်ကို သင်ယခုသိပြီးဖြစ်ပါသည်။ လူသားတို့သည် မိမိကိုယ်ကို အားကိုး၍ မည်သို့မျှ မဖြစ်နိုင်ချေ။

သို့သော် ကျမ်းစာဆိုထားသည်မှာ၊ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမ၊ ၆:၂၃) ဤသည်မှာ အဘယ်ကို ဆိုလိုပါသနည်း။

ဤစကား၏ အဓိပ္ပါယ်မှာ ဘုရားသခင်သည် လူသားတို့အား ၎င်းတို့၏ အကူအညီကင်းမဲ့သော၊ မျှော်လင့်ခြင်းကင်းသော အခြေအနေတို့မှ လွတ်မြောက်စေရန်နှင့် ဘုရားသခင်၏ ဆုကျေးဇူးကို လက်ခံသူတို့အား ထာဝရအသက်ရရန် နည်းလမ်းတစ်ခုခုပေးထားကြောင်းကို ဆိုလိုပါသည်။ လူသား (သင်လည်းအပါအဝင်)တို့သည် မိမိတို့ ကုသိုလ်ကြောင့် ၎င်းကို ရသင့်ရထိုက်သည် မဟုတ်၊ ဘုရားသခင်၏မေတ္တာတော်ကြောင့်သာ ဖြစ်ပါသည်။ ဘုရားသခင်၏ မေတ္တာတော်ကို လူသား(သင်လည်းအပါအဝင်)၏ ဉာဏ်ပညာနှင့် အသိဉာဏ်တို့ဖြင့် နားမလည်နိုင်ချေ။ ဤမေတ္တာတော်ကြောင့် ဘုရားသခင်သည် ဤကမ္ဘာပေါ်၌ အမြင့်မြတ်ဆုံးသော မေတ္တာတော်၏ အနစ်နာခံခြင်းကို အသုံးပြုလျက် လူသားတို့အား ကယ်တင်ရာလမ်းကြောင်းကို ချပေးတော်မူ၏။

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ (ယောဟန်၊ ၃:၁၆)

ဘုရားသခင်၏ မေတ္တာတော်ထဲ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ တစ်ပါးတည်းသော သားတော်ယေရှုခရစ်နှင့် တွေ့ဆုံရပါ၏။

ယေရှုခရစ်သည် ဘာသာအယူဝါဒကို တည်ထောင်သော ပုဂ္ဂိုလ်တစ်ဦး မဟုတ်ပါ။ ၎င်းသည် အကျင့်စာရိတ္တပြုပြင်ရေးသမား သို့မဟုတ် ထင်ပေါ်ကျော်ကြားသော ဒဿနိကပညာရှင် (PHILOSOPHER) သက်သက် မဟုတ်ပါ။ ၎င်းသည် ကျွန်ုပ်တို့သိရှိသည့် သမိုင်းတစ်လျှောက်တွင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်အများထဲမှ တစ်ဦးလည်းမဟုတ်ပါ။

ယေရှုခရစ်သည် ဘုရားသခင်၏သားတော် ဖြစ်ပါသည်။ ၎င်းသည်ပင်လျှင် ဘုရားသခင်ဖြစ်၏။

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ပြန်၍ ကြည့်ကြစို့။ သမ္မာကျမ်းစာထဲ၌ နောက်ဆုံးအဖြေကို ရပါလိမ့်မည်။

နှုတ်ကပတ်တော်(ယေရှု)သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သောအရာ တစ်စုံတစ်ခုမျှမရှိ။ (ယောဟန်၊ ၁:၃)

ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ အသက်ရှင်သောသူလည်းဖြစ်၏။ ငါသည် အရင်သေသည်ဖြစ်၍ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်စုံ၏။ (ဗျာဒိတ်၊ ၁:၁၇-၁၈)

ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲ နေတော်မူ၏။ (ဟေဗြဲ၊ ၁၃:၈)

အကြောင်းမူကား ထိုသားတော်(ခရစ်တော်)သည် ကောင်းကင်ပေါ် မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း ထိုသခင်အဖို့အလိုငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။ (ကောလောသဲ၊ ၁:၁၆)

ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို ကျွန်ုပ်သိပါ၏။ ဘုရားသခင်၏ သန့်ရှင်းတော်မူသောသူ ဖြစ်ပါသည်။ (မာကု၊ ၁:၂၄)

နောက်ဆုံး၌ ယေရှုသည် မိမိအကြောင်းကို ပြောရာ၌ ဤသို့မိန့်တော်မူ၏။ ငါသည် ငါ့ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်သည်။ (ယောဟန်၊ ၁၀:၃၀)

သင်သည် ဤကျမ်းပိုဒ်များ၏ အမှန်တရားကို နှလုံးသွင်းနားမလည်နိုင်သေးလျှင် ရှေးသို့ဆက်၍ မသွားပါနှင့်။ ဆုတောင်းလျက် ဤကျမ်းပိုဒ်များကို သေချာစွာပြန်ဖတ်ပြီး ၎င်းတို့၏လေးနက်သည့် အနက်အဓိပ္ပါယ်ကို တွေးတောစဉ်းစားပါ။

ဘုရားသခင်၏သားတော် ယေရှုခရစ်သည် လွန်ခဲ့သော အနှစ်နှစ်ထောင်နီးနီးလောက် အပျိုစင်မယ်တော်မာရိမှ ဖွားမြင်ခဲ့၏။ ဖွားမြင်ရာဒေသမှာ ယခုအစ္စရေးနိုင်ငံ၌ရှိသော ဗက်လင်မြို့ပင်ဖြစ်သည်။(မဿဲ၊၁:၂၃၊ လုကာ၊၁:၃၅)

ယေရှုခရစ်သည် အသက်(၃၀)ရောက်သည့်တိုင်အောင် လက်သမားအလုပ်ကို လုပ်ကိုင်ခဲ့၏။ အသက်(၃၀)မှစ၍ သုံးနှစ်ခွဲတိုင်တိုင် အစ္စရေးနိုင်ငံတစ်ဝန်းသို့ လှည့်လည်၍ ကယ်တင်ခြင်းတရားကို သွန်သင်ဟောပြောခဲ့၏။ သူသည် အံ့သြဖွယ်ရာ နိမိတ်လက္ခဏာ (သေသူကို ပြန်ရှင်အောင် ပြုလုပ်ခြင်းအပါ

အဝင်) များစွာကို ပြုလုပ်ခဲ့၏။ ၎င်း၏ သွန်သင်ဆုံးမချက်များသည် သစ်လွင်သော၊ တန်ခိုးနှင့်ပြည့်စုံသော၊ ဩဇာအာဏာရှိသော တရားများဖြစ်၏။ (မဿဲ၅)

၎င်းသည် လူမမာများကို ကုသ၏ စိတ်ညစ်သောသူများကို နှစ်သိမ့်၏။ အပြစ်သားနှင့်အတူတကွ စားသောက်၍ အားနည်းသောသူများကို ကူညီမစ၏။ မျှော်လင့်ခြင်းကင်း၍ စိတ်ဓာတ်ကျဆင်းနေသောသူများကို အားပေး၏။ အပြစ်ရှိသောသူများကို ခွင့်လွှတ်၏။ သို့သော် ခရစ်တော်သည် ဘုရားဖြစ်တော်မူ၏။

ယခုသင်သည် သမ္မာကျမ်းစာမှ ဓမ္မသစ်ကို ဖွင့်၍ အောက်ပါကျမ်းချက်များကို ဖတ်ပါ။

၁။ ရှင်မဿဲ ၈:၁-၄၊ ၂၃-၂၇၊ ၉:၁-၈။

၂။ ရှင်မာကု ၅:၃၅-၄၃၊ ၁၀:၄၆-၅၂။

၃။ ရှင်လုကာ ၁၃:၁၀-၁၇၊ ၁၅:၃-၇။

၄။ ရှင်ယောဟန် ၈:၁-၁၁၊ ၉:၁-၁၂၊ ၁၁:၁-၄၄။

ဆုတောင်းသောစိတ်နှင့် ကျမ်းပိုဒ်တိုင်းကို သေချာစွာဖတ်ပါ။ ၎င်းတို့၏ အဓိပ္ပါယ်တို့ကို နားလည်စေရန် ဘုရားသခင်အား လမ်းညွှန်ပေးပါရန် ဆုတောင်းပါ။ သင်သည် ဤကျမ်းပိုဒ်များကို သေချာစွာ မဖတ်ဘဲ ရှေ့သို့ဆက်၍ ဖတ်လျှင် အကျိုးရှိမည်မဟုတ်ပါ။

ယေရှုသည် သုံးနှစ်ခွဲတိုင်အောင် တရားဟောပြောပြီးနောက် လက်ဝါးကပ်တိုင်ပေါ်၌ အသတ်ခံရ၏။

## အဘယ်ကြောင့်နည်း?

ဤသည်ကား လောကသို့ ယေရှုကြွရောက်လာရခြင်း၏ အကြောင်းရင်းပင်တည်း။ လူသားတို့ (သင်အပါအဝင်)၏ အပြစ်များအတွက် ထိုက်သင့်

သော တန်ဖိုးကို ပေးဆပ်ရမည်ဖြစ်သောကြောင့်တည်း။ အဘယ်ကြောင့်ဆို သော် လူသားတို့ကို ကယ်တင်ရန်အတွက် ဤနည်းတစ်နည်းသာရှိလေသည်။ ဘုရားသခင်သည် မိမိ၏မေတ္တာတော်အတွင်းမှ မိမိချစ်မြတ်နိုးသော လူသားတို့ အား အပြစ်မှ လွတ်မြောက်ရန် ကယ်တင်လိုသည်။ အပြစ်သည် သေခြင်းဖြင့် အ ဆုံးသတ်ရမည်ကို ကျွန်ုပ်တို့ တွေ့မြင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အပြစ်အတွက် ပေးဆပ်ရမည့်တန်ဖိုးမှာ သေခြင်းပင်ဖြစ်ပါသည်။

ယေရှုသည် အပြစ်တန်ဖိုးကို သေခြင်းဖြင့် ပေးဆပ်ခဲ့၏။ ကိုယ်ကို ပူ ဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်း။ (ဟေဗြဲ ၉:၂၆)

ထို့ကြောင့် လူသား (သင်အပါအဝင်) တို့သည် အပြစ်ကင်းသော ယေရှု ခရစ်၏ သေခြင်းမှနေ၍ မိမိတို့၏အပြစ်နှင့် သေခြင်းအတွက် အဖြေကို ရရှိလေ သည်။

သို့သော် ခရစ်တော်သည် အသေခံရုံဖြင့် အဆုံးသတ်သည်မဟုတ်။ ယေရှုသည် သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်တော်မူ၏။ ယေရှုရှင် ပြန်ထမြောက်ခြင်းအကြောင်းသည် ဖြစ်ရပ်မှန်တစ်ခုဖြစ်သည်။ အောက်ပါကျမ်း ပိုဒ်၌ သေချာစွာ မှတ်သားထားပါသည်။

၁။ ရှင်မဿဲ ၂၈:၁-၆။

၂။ ရှင်မာကု ၁၆:၁-၆။

၃။ ရှင်လုကာ ၂၄:၁-၆။

၄။ ရှင်ယောဟန် ၂၁:၁-၁၀၊ ၂၄-၂၅။

ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအကြောင်းအရာသည် ဒဏ္ဍာရီပုံ ပြင် သို့မဟုတ် ဝတ္ထုမဟုတ်ပါ။ သမိုင်းဖြစ်ရပ်မှန်တစ်ခုဖြစ်ပါသည်။ ခရစ်ဝင် ကျမ်းများကို ရေးသားခဲ့သောသူများသည် ယေရှုနှင့် တစ်ခေတ်တည်း အသက်

ရှင်ခဲ့ကြသောသူများဖြစ်ပါသည်။ ၎င်းတို့သည် ဤဖြစ်ရပ်မှန်တို့ကို ကိုယ်တိုင် သက်သေခံခဲ့ကြလေသည်။

ယေရှုခရစ် ရှင်ပြန်ထမြောက်ပြီးနောက် ၎င်း၏တပည့်များနှင့် ရက် ပေါင်းလေးဆယ်မျှ အတူနေခဲ့ပါသည်။ နောက်ဆုံး၌ အဘဘုရားသခင်၏ လက်ျာဘက်၌ ပြန်၍နေတော်မူ၏။ ထိုနေရာသည် သူ၏ နဂိုမူလနေရာပင်ဖြစ် ပါသည်။ (တမန် ၁:၂-၁၁၊ လုကာ ၂၄:၅၁၊ မာကု ၁၆:၁၉)။

ယခု ဘုရားသခင်၏ သားတော် ယေရှုသည် အဘဘုရားသခင်နှင့် အတူ စံလျက် လူသား(သင်အပါအဝင်) တို့ကို ကြည့်ရှုလျက်ရှိ၏။ ငါသည်လည်း ကပ် ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။ (မဿဲ၊ ၂၈:၂၀)။ ဝိညာဉ်တော်အားဖြင့် ကိုယ်တော်သည် နေရာအနှံ့အပြား ရှိတော်မူ သည်။

ယခု ခရစ်တော်၏ အသက်တာကို လေ့လာပြီးသည်နောက် ယေရှု၏ အကြောင်းအား အောက်ပါအရေးကြီးသောအချက်များ ဆင်ခြင်ခြင်းဖြင့် ဤ အခန်းကို နိဂုံးချုပ်ကြပါစို့။

ယေရှုသည် -

၁။ အရာခပ်သိမ်းတို့ကို သိတော်မူ၏။ (ယောဟန်၊ ၁:၄၃-၄၉)

၂။ နေရာတိုင်း၌ သင်နှင့်အတူရှိ၏။ (မဿဲ၊ ၂၈:၂၀)

၃။ အစဉ်အမြဲ သင်နှင့်အတူရှိ၏။ (မဿဲ၊ ၂၈:၂၀)

၄။ ဘယ်သောအခါမှ ပြောင်းလဲခြင်းမရှိ။ (ဟေဗြဲ ၁၃:၈)

၅။ မြင့်မြတ်သန့်ရှင်းတော်မူ၏။

၆။ ဖြောင့်မတ်၍ တရားမျှတ၏။

၇။ ထာဝရအမြဲတည်ရှိ၏။ (ယောဟန် ၁၁:၂၅)။

၈။ မေတ္တာတော်ပင်ဖြစ်၏။ (၁ယော ၄:၈)။

ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သောကြောင့် ၎င်း၌ အပြစ်မရှိ။ ၎င်း၌အပြစ်မရှိသောကြောင့် အပြစ်၏အဖိုးအခကို ၎င်းသာလျှင် ပေးဆပ်နိုင်၏ ဤအတိုင်းပင် ၎င်းက ပြုလုပ်ခဲ့၏။ ထို့ကြောင့် ၎င်းသာလျှင် ကျွန်ုပ်တို့ အပြစ်ကို ခွင့်လွှတ်နိုင်၏။

၎င်းသည် လူသားတို့၏အပြစ်ကို ခွင့်လွှတ်သောကြောင့် သင်၏အပြစ်ကိုလည်း ခွင့်လွှတ်လေသည်။ သင်သည်လည်း ၎င်း၌အပြစ် သေခြင်းနှင့် ပတ်သက်သော နောက်ဆုံးအဖြေကို တွေ့ရှိရလေ၏။

ထိုမျှမကသေးပါ၊ ၎င်းသည် ဤကမ္ဘာပေါ်တွင် နေထိုင်သွားခဲ့၍ လူသားကဲ့သို့ပင် စားသောက်ခဲ့၏။ အိပ်ခဲ့၏။ အလုပ်လုပ်ခဲ့၏။ ၎င်းသည် လူသားတို့၏ (သင်၏) စိတ်ညစ်ခြင်းနှင့် ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းနှင့် စိတ်နှလုံးကြေကွဲခြင်း ပူပန်ခြင်းနှင့် ဝမ်းမြောက်ခြင်း စသည်တို့ကို နားလည်ပါ၏။ ယေရှုသည် ဤအရာများတို့၌ သင့်အား ကြည့်ရှုစောင့်ရှောက်လိမ့်မည်။

လူသား(သင်အပါအဝင်) သည် ဘုရားသခင်နှင့် နီးကပ်နိုင်မည့်လမ်းကို လေ့လာသောအခါ အလွန်ပျော်ရွှင်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့လေ့လာခဲ့သည့်အတိုင်း အပြစ်သည် ဤလမ်းကို ပိတ်ပင်ထားပါသည်။ ထို့ကြောင့် ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ(ယောဟန်၊ ၁၄:၆)။

## အခန်း (၃) ထာဝရအသက်

ယခုကျွန်ုပ်တို့သည် ဤသင်ခန်းစာ၏ နောက်ဆုံးအခန်းသို့ ရောက်နေပါပြီ။ အခန်း(၂) ၌ ယေရှုခရစ်ကို အမှီပြုမှသာလျှင် သင်၏အပြစ်သည် ခွင့်လွှတ်နိုင်၍ ကယ်တင်ခြင်းရနိုင်သည်ကို သင်လေ့လာခဲ့ပေပြီ။ ဤတွင် သင်သည် အောက်ပါမေးခွန်းကိုပင် မေးပေလိမ့်မည်။

အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်သောငှာ အဘယ်သို့ ပြုရပါမည်နည်း... (တမန်၊ ၁၆:၃၀)။

အမှန်ဆိုရလျှင် ဤမေးခွန်းသည် မေးခွန်းအသစ်တစ်ခုပင်မဟုတ်ပါ။ သမိုင်းတလျှောက်လုံး၌ လူသားတို့သည် ဤမေးခွန်းကို မေးခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့သည် ဤကမ္ဘာပေါ်၌စ၍ နေထိုင်သည်နှင့် အသက်နှင့် ပတ်သက်သော ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းကြောင့်ပင် ဖြစ်ပါသည်။ လူသားတို့ မှန်ကန်သောအဖြေကို ရရှိထားသည်ဖြစ်စေ၊ တွေ့ရှိထားသည်ဖြစ်စေ အထက်ပါမေးခွန်းမျိုးကို မေးခဲ့သည်မှာ မလွဲပေ။

ဤမေးခွန်းအတွက် ဘုရားသခင်၏အဖြေသည် မည်သို့နည်း။ (အကြောင်းမှာ ကယ်တင်ခြင်းကို မည်သို့ရမည်နည်းဆိုသည့်မေးခွန်းကို ဖြေနိုင်သူမရှိပါ)။

သခင်ယေရှုခရစ်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။ (တမန်၊ ၁၆:၃၁)

သခင်ယေရှုခရစ်ကို ယုံကြည်သည်မှာ ဘာကိုဆိုလိုပါသနည်း?

**၁။ ယေရှုကို ယုံကြည်ရန်၊ သင်၏ အပြစ်တရားအတွက်နောင်တရရမည်။** နောင်တရခြင်းသည် လက်တွေ့အားဖြင့် အောင်ပါသုံးချက်ရှိပါသည်။

**(က) အကျွန်ုပ်သည် အပြစ်သားတစ်ယောက်ဖြစ်ပါသည်ဟု ဝန်ချရမည်** သင်ပြုလုပ်ခဲ့သော အပြစ်များကို ဝန်ခံရမည်။ အပြစ်ဟူသည်မှာ သိလျက်နှင့် ပြုလုပ်ခဲ့သောအပြစ်နှင့် အမှတ်တမဲ့ ပြုလုပ်ခဲ့သော အပြစ်များ၊ အခြားသူများသိသောအပြစ်များနှင့် သင်ကိုယ်တိုင်သာသိသောအပြစ်များ၊ အတွေးအခေါ်၊ အပြုအမူနှင့်သက်ဆိုင်သောအပြစ်အားလုံး ပါဝင်လေသည်။

**(ခ) ဝန်ခံရမည်။** ဘုရားသခင်၏ ရှေ့၌သင်၏အပြစ်များကို ဝန်ခံရမည် ဤသို့ပြုရန် ဘုရားသခင်အလိုရှိ၏။ ဘုရားသခင်အား ပြောပြခြင်းကား ဆုတောင်းခြင်းပေတည်း။

**(ဂ) ဆုတောင်းရမည်။** ထိုအပြစ်များအား နောက်တဖန်မကျူးလွန်တော့ကြောင်း ယေရှုခရစ်အမည်ကို အမှီပြု၍ ဆုတောင်းရမည်။ မိမိ၏ စိတ်ဆုံးဖြတ်ချက် သို့မဟုတ် မိမိသဘောအတိုင်းခိုင်မာသောစိတ်နှင့် နောက်ထပ်၍ မကျူးလွန်တော့ဟု မိမိကိုယ်ကိုအားကိုး၍ မပြုနိုင်ချေ။ ဘုရားသခင်၏မစခြင်းအားဖြင့်သာ အောင်မြင်နိုင်သည်။

**(၂) သခင်ယေရှုကို ယုံကြည်ခြင်း** ဆိုသည်မှာ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် သင်၏စိတ်နှလုံးထဲ၌ လက်ခံထားခြင်းကို ဆိုလိုပါသည်။ သင်၏မိဘ၊ မိတ်ဆွေ၊ ဆရာသမား၊ လုပ်ဖော်ကိုင်ဘက်စသော သူတို့သည် သင့်အတွက် ဤဆုံးဖြတ်ချက်ကို မချပေးနိုင်ပါ။ သင်ကိုယ်တိုင် မိမိ၏စိတ်နှလုံးကို ဖွင့်ဟ၍ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံရမည်ဖြစ်ပါသည်။ ဤကိစ္စသည် သင်နှင့်သာ လုံးဝသက်ဆိုင်နေပါသည်။ ဤကိစ္စသည် မိမိကိုယ်တိုင် ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ပါသည်။ မိမိကိုယ်တိုင် အလိုအလျောက် ပြုလုပ်ရမည်ဖြစ်ပါသည်။

သို့သော် တစ်ခုတော့ သေချာစွာ ရှင်းလင်းရန် လိုပါသည်။ သခင်ယေရှုသည် သင်၏စိတ်နှလုံးထဲသို့ အတင်းဝင်၍ မနေပါ။ သခင်ယေရှုအား သင်က ရှေးဦးစွာ လက်ခံလိုသော ဆန္ဒရှိရန် လိုအပ်သည်။ သို့မဟုတ်လျှင် ယေရှုသည် သင်၏ မိဘညီအစ်ကို မောင်နှမတို့၏ ကယ်တင်ရှင်သာဖြစ်လျှင် ဖြစ်မည်။ သင်၏ ကယ်တင်ရှင်ဖြစ်မည်မဟုတ်ပါ။

သခင်ယေရှုသည် လူသားအားလုံးတို့ကို မကယ်တင်လိုဟူ၍ မဆိုလိုပါ။ ဆန့်ကျင့်ဘက်အားဖြင့် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း သခင်ယေရှုသည် လူသားတစ်ယောက်စီတိုင်းအား ကယ်တင်လိုပါသည်။ သို့သော် ကယ်တင်ခြင်းကို ရလိုသော ထိုတစ်ယောက်စီတို့သည် ကယ်တင်ခြင်းကို လိုလားရပေမည်။

သခင်ယေရှုကိုယ်တိုင် မိန့်ကြားခဲ့သည်မှာ "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်မည်။" (ဗျာဒိတ်ကျမ်း၊ ၃:၂၀)

သခင်ယေရှုကို သင်၏ကယ်တင်ရှင်အဖြစ် လက်ခံခြင်းသည် သင့်အသက်တာ၌ အရေးကြီးဆုံးနှင့် ဂုဏ်အရှိဆုံးသော ဆုံးဖြတ်ချက်ကြီးဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်သည် သင်၏အသက်တာကို ပြောင်းလဲစေသောအချက်လည်း ဖြစ်လေသည်။ သခင်ယေရှုကို လက်ခံသည်နှင့်တစ်ပြိုင်နက် သင်သည် အပြစ်သားတစ်ယောက်အဖြစ်မှ ကင်းလွတ်၍ ဘုရားသခင်၏ သားသမီးအဖြစ်သို့ ပြောင်းလဲသွားသည်။ သင်သည် ဘုရားသခင်နှင့် ပြည့်ပြည့်ဝဝ တော်စပ်နိုင်သည့် ခံစားမှုကြီးကို အရည်အချင်းရှိစွာနှင့် ရရှိလိုက်လေသည်။ ဤသည်မှာ တကယ့် ပျော်ရွှင်ခြင်း၏ အုတ်မြစ်ပေတည်း။

**(၃) မိမိ၏အပြစ်များကို ဝန်ခံ၍ သခင်ယေရှုအား ကယ်တင်ရှင်အဖြစ်** လက်ခံကြိုဆိုသောသူသည် မည်သို့သော အကျိုးသက်ရောက်မှုကို ရရှိမည်နည်း။

အကျိုးသက်ရောက်မှုမှာ အလွန်ပင်ဂုဏ်ရှိလှပါသည်။ တွေးဆ၍မရနိုင် လောက်အောင်ပင် လူသားတို့၏စကားလုံးများဖြင့် မှန်ကန်အောင် မဖော်ပြနိုင်ချေ။ ထို့ကြောင့် ကျမ်းစာထဲ၌ မည်သို့ဆိုထားသည်ကို ကျွန်ုပ်တို့ ဖတ်ကြပါစို့။

ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ (ရှင်ယောဟန်၊ ၁:၁၂)

ယေရှုကလည်း ငါအမှန်ဆိုသည်ကား ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ ရှိလိမ့်မည်ဟု မိန့်တော်မူ၏။ (ရှင်လုကာ ၂၃:၄၃)

ထိုသားတော်၏ အသွေးအသားအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းကျေးဇူးကို ငါတို့သည်ခံရကြ၏။ (ဖေက်၊ ၁:၇-၈)

ကိုယ်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့် လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏။ (၁ယော၊ ၁:၉)

ထိုသူသည် ငါ၏ဘုရားသခင် ပရဒိသု ဥယျာဉ်၌ရှိသော အသက်ပင်၏ အသီးကို စားစေခြင်းငှါ အခွင့်ပေးမည်။ ယေရှုနောက်ထပ်မိန့်တော်မူသည်မှာ အသက်သရဖူကို ငါပေးမည်။ (ဗျာဒိတ်၊ ၂:၇-၁၀)

ငါတို့အား ပေးတော်မူသော ကတိတော်မူကား ထာဝရအသက်ကို ဝန်ခံတော်မူသော ကတိတော်ပေတည်း။ (ယောဟန်၊ ၂:၂၅)

ကျွန်ုပ်တို့သည် ယေရှုခရစ်ကို အမှီပြု၍ရသော ထာဝရအသက်သည် ဘုရားသခင်၏အတိုင်းမရှိသော မေတ္တာတော်အတွင်းမှ အခမဲ့ပေးသော ဆုကျေးဇူးပေတည်း။

အပြစ်ကို ဝန်ခံသောစိတ်၊ မိမိကိုယ်ကို နှိမ့်ချသောစိတ်၊ လိုအင်ဆန္ဒပြင်းပြသောစိတ်၊ ယုံကြည်အားထားသောစိတ်တို့ဖြင့် သခင်ယေရှုအား ယနေ့ပင် ကြိုဆိုလက်ခံပါ။

ဤသို့သာလျှင် သင်သည် ဘုရားသခင်၏နိုင်ငံတော်၌ ဒုတိယအကြိမ် ဖွားမြင်ခြင်းခံရပါလိမ့်မည်။

# သင်ခန်းစာ (၃)

# သင်၌ရှိရမည့်အရာသုံးမျိုး

မိတ်ဆွေသည် ဤသင်ခန်းကို ဆက်လက်၍ လေ့လာမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သင့်အား ကြိုဆိုပါ၏။ ဤသင်ခန်းစာသည် သင့်အတွက် စာပေးစာယူသင်တန်းတစ်ခုလုံး၏ထက်ဝက်ရောက်ခဲ့လေပြီ။ မိတ်ဆွေ၏ စိတ်ပါဝင်စားမှုနှင့် လုံ့လဝီရိယတို့ကို အမှန်ပင် ချီးကျူးဂုဏ်ပြုပါသည်။

ပြီးခဲ့သည့် သင်ခန်းစာနှစ်ခုတွင် ကျွန်ုပ်သည် ခရစ်ယာန်ဘာသာတရားနှင့် ပတ်သက်သော အခြေခံသဘောတရားတို့ကို လေ့လာခဲ့ပါသည်။ ယင်းတို့မှာ ဘာသာရေးဆိုင်ရာသွန်သင်မှုသာဖြစ်သည်။ ဤသင်ခန်းစာနှင့် နောက်ဆုံး သင်ခန်းစာတို့မှာမူ ခရစ်ယာန်တို့၏ အသက်ရှင်ခြင်း၌ လက်တွေ့လိုက်နာကျင့်သုံးရမည့်အပိုင်းကို လေ့လာရပေမည်။

ကျွန်ုပ်တို့သည် ကျမ်းစာကို တစ်ဖန်ကြည့်ကြပါဦးစို့။ ကောရိန္သုဩဝါဒစာ ပထမစောင် ၁၃ မှ နောက်ဆုံးအခန်းငယ်၌ ဖော်ပြထားသည်မှာ ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။

ယုံကြည်ခြင်း။

မျှော်လင့်ခြင်း။

ချစ်ခြင်း။

…စသည်တို့သည် မြင့်မြတ်လှသည်ဖြစ်သော လွန်စွာမှပင် လေးနက်လှသော အဓိပ္ပါယ်ကို ဆောင်ထားပါပေသည်။ ဒုတိယမွေးခြင်းကိုခံရသော လူတိုင်းတို့၏ ဝိညာဉ်အသက်တာ၌ ရှိသင့်သောအရာသုံးမျိုးလည်းဖြစ်လေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ၎င်းတို့ကို တစ်ခုချင်းစီ လေ့လာကြရပေလိမ့်မည်။

## အခန်း (၁) ယုံကြည်ခြင်း

### (၁) ယုံကြည်ခြင်းဆိုသည်ကား အဘယ်နည်း။

ယင်းသည် အရာတစ်ခုခုကိုသော်လည်းကောင်း၊ အကြောင်းတစ်ခုခုကိုသော်လည်းကောင်း၊ သို့တည်းမဟုတ် အမှန်တရားနှင့် စပ်ဆိုင်သော ခွန်အားတစ်မျိုးမျိုးကိုသော်လည်းကောင်း ယုံကြည်မှုရှိခြင်းပေတည်း။

ကျမ်းစာထဲတွင် ယင်းအား ဖော်ပြထားသည်မှာ ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။ ယခုမြင်ရသောအရာတို့သည် အရင်ထင်ရှားသောအရာထဲကမဖြစ်ဘဲ လောကဓာတ်တို့သည် ဘုရားသခင်၏ အမိန့်တော်ကြောင့်သာတည်သည်ကို ငါတို့သည် ယုံကြည်ခြင်းအားဖြင့် သိကြ၏။ (ဟေဗြဲဩဝါဒစာ ၁၁:၁-၃)

ယုံကြည်ခြင်းသည် ဘာသာတိုင်းလို၌ပင်ရှိပါသည်။ သို့ရာတွင် ခရစ်ယာန်ဘာသာ၌ ပို၍ပင် ထူးခြား၏ အကြောင်းမှာ ဘုရားသခင်၏ သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့သည် မိမိတို့၏ အလိုဆန္ဒနှင့် အကြံအစည် အတိုင်း အသက်ရှင်နေရသည်မဟုတ်ဘဲ၊ ဘုရားသခင်၏ စကားတော်အတိုင်းသာ အသက်ရှင်ရပေသည်။ စကားတော်ကို နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့သည်

အသိဉာဏ် သို့မဟုတ် ဥာဏ်ပညာထက်ပိုကဲသော ယုံကြည်ခြင်းကို လိုအပ်လေသည်။

## (၂) ယုံကြည်ခြင်းသည် မည်သို့အစပြုလာသနည်း။

ကောင်းကင်ဘုံမှပေးတော်မမူလျှင် လူသည် အဘယ်အရာကိုမျှ မခံနိုင်၊ (ရှင်ယောဟန်ခရစ်ဝင် ၃:၂၇) ဟု ကျမ်းစာကဆို၏။ သို့ရာတွင် မယုံကြည်လျှင် အဘယ်သို့ ပဌနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ (ရောမသြဝါဒစာ ၁၀:၁၄)

ယုံကြည်ခြင်းသည် သင်၏အားထုတ်မှုနှင့် စိတ်၏ဆုံးဖြတ်မှုတို့အားဖြင့် ရနိုင်မည်မဟုတ်။ ယင်းသည် သားတော်ကို ကယ်တင်ရှင်အဖြစ် လက်ခံထားကြသောသူတို့အတွက် ဘုရားသခင်က ပေးတော်မူသော ဆုကျေးဇူးပေတည်း။ ဤကဲ့သို့သော ယုံကြည်ခြင်းမျိုးကသာလျှင် စစ်မှန်ပြီး ထာဝစဉ် တည်မြဲနိုင်ပေသည်။ အခြားအခြေခံမှ ပေါ်ပေါက်လာသော ယုံကြည်ခြင်းမျိုးသည် ဘုရားသခင်ထံမှလာသော ယုံကြည်ခြင်းမဟုတ်သောကြောင့် ပြောင်းလဲခြင်းနှင့် အစဉ်မကင်းဘဲ မတူညီသော ပတ်ဝန်းကျင်နှင့် လူ၏အတွင်း စိတ်ခံစားချက်များတို့ကြောင့်ပင် ပြောင်းလဲသွားနိုင်လေသည်။

## (၃) သင်သည် ဤဆုကျေးဇူးကို မည်ကဲ့သို့ ရနိုင်ပါမည်နည်း။

အထက်က ဖော်ပြခဲ့သော ကျမ်းချက် (ရောမသြဝါဒစာ ၁၀:၁၄) တွင် ဤကဲ့သို့ ဆိုထားလေသည်။ သို့ရာတွင် . . . သတင်းမကြားလျှင် . . .

တဖန် ရောမသြဝါဒစာ ၁၀:၁၇ ထဲတွင် ဆက်၍ ဖော်ပြထားသည်မှာ ယုံကြည်ခြင်းသည် ကြားနာခြင်း အားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ခရစ်တော်၏ စကားတော်အားဖြင့် ဖြစ်၏။

ဤသည်တို့ကို ထောက်ရှုခြင်းဖြင့် သင်၏ယုံကြည်ခြင်းသည် နေ့စဉ် ဖတ်ရှုရသော ကျမ်းပိုဒ်ကြီးငယ်မှ စကားလုံးများကို နှလုံးသွင်းခြင်းဖြင့်သာ ပေါ်ပေါက်နိုင်ပြီး တိုးပွားခြင်း၊ ခိုင်မြဲခြင်းတို့ရှိနိုင်ပေမည်။

**(၄) ကျွန်ုပ်တို့ ယုံကြည်ခြင်းကား အဘယ်နည်း - တစ်နည်းအားဖြင့် မည်သည့်အရာကို ကျွန်ုပ်တို့ ယုံသ နည်း -**

၁။ သမ္မာကျမ်းစာအုပ်သည် ဘုရားသခင်၏ စကားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ယုံကြည်ပါသည်။ သမ္မာကျမ်းစာသည် ပြည့်စုံ၍ မှန်ကန်သော ဘုရားသခင်၏ အကြောင်းအရာများကို ဖော်ပြတော်မူခြင်းဖြစ်ပြီး ထိုထက်သာလွန်သော အခြားစာအုပ်များမရှိတော့ချေ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာအုပ်ထဲရှိ ပါဝင်သမျှသော အမှန်တရားတို့ကို အကြွင်းမဲ့ ယုံကြည်ခြင်း ဖြစ်သည်။

၂။ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်ပါသည်။

၃။ ယေရှုခရစ်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက် ကားတိုင်ပေါ်တွင် အသေခံ၍ သုံးရက်မြောက် သောနေ့၌ ရှင်ပြန်ထမြောက်ပြီးနောက် မိမိမူလ ဌာနေဖြစ်သော ကောင်းကင်ဘုံသို့ ကြွကာ လောကသားတို့ကို အပြစ်စီရင်ရန် ကိုယ်တော်ရှင်သည် တဖန်ကြွလာဦးမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

၄။ ယေရှုခရစ်၏ အသွေးတော်သည် ကျွန်ုပ်တို့၏ အပြစ်များအား ဆေးကြောနိုင်ကြောင်းကို ယုံကြည်ပြီး ကိုယ်တော်ရှင်၏ နာမတော်အားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ ရောက်ရှိနိုင်မည်ဟု ယုံ ကြည်ပါသည်။

၅။ ခရစ်တော်သည် ဒုတိယအကြိမ် ဤလောကသို့ တစ်ဖန်ပြန်၍ ကြွလာသောအခါ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ကြမည်ဖြစ်ပြီး ကိုယ်တော် ရှင်ကဲ့သို့ ရှိမည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ ဤသို့သော ဘာသာရေး ယုံကြည် ချက်မျိုးအတိုင်း လက်ခံ၍ အသက်ရှင်နေသင့်ပေသည်။ ဤသို့သော ဘာသာရေး ယုံကြည်မှုသည် ကျွန်ုပ်တို့ ကြံစည်လုပ်ကိုင်မှု မှန်သမျှတို့၏ လမ်းညွှန်မှု ဖြစ်စေ ရမည်။ အကြောင်းမှာ သမ္မာကျမ်းစာထဲတွင် ဤသို့ ဆိုထားလေသည်။ ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူ ကား ဘုရားသခင်ထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင် ရှိတော်မူ သည်ကိုလည်းကောင်း၊ ကိုယ်တော်ကို ရှာသောသူအား အကျိုးပေးတော်မူသည် ကို လည်းကောင်း ယုံကြည်ရမည်။ (ဟေဗြဲသြဝါဒ ၁၁:၆)

## အခန်း (၂)  မျှော်လင့်ခြင်း

ဤအခန်းတွင် မျှော်လင့်ခြင်းဟူသော စကားလုံးများသည် အောက်ပါ တို့ကို ဆိုလိုပါသည်။

(၁) အမှန်တရားတို့သည် သမ္မာကျမ်းစာအားဖြင့်သာ ထင်ရှားလာမည်ကို မျှော်လင့်ခြင်း။

(၂) ဘုရားသခင်၏ ကျေးဇူးတော်၊ ကရုဏာတော်နှင့် အကြံအစည်တော်တို့ သည် ကျွန်ုပ်တို့ အပေါ်၌ တည်ရှိနေမည်ဟု မျှော်လင့်ခြင်း။

(၃)　ဆင်းရဲခြင်း ဒုက္ခအမျိုးမျိုးနှင့် စုံစမ်းနှောင့်ယှက်ခြင်း အမျိုးမျိုးတို့ကို ခံစားနေရသောအခါတွင် ယင်းတို့ အားဖြင့် ကျွန်ုပ်တို့သည် အကျိုးကျေးဇူး ခံစားရမည်ဟု အကြွင်းမဲ့ ယုံကြည်သော စိတ်ထားနှင့် စောင့် စားမျှော်လင့်ခြင်းတို့ ဖြစ်လေသည်။

ကျွန်ုပ်တို့ အသက်တာတစ်လျှောက်လုံး၌ ဖြစ်သမျှသောအရာခပ်သိမ်းတို့သည် ကောင်းဖို့သာလျှင် ဖြစ်သည်ဟု ယုံကြည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်၏ အလိုတော်ကို ဝန်ခံခြင်းအားဖြင့် မျှော်လင့်ကြသည်။ ကျွန်ုပ်တို့၏ မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ ဘာသာရေးယုံကြည်မှုကို သက်သေခံနေခြင်းပေတည်း။ ခရစ်ယာန်တို့၏ မျှော်လင့်ခြင်းသည် ဘုန်းအသရေရှိသော မျှော်လင့်ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့ မျှော်လင့်ခြင်း၏ ဦးတည်ချက်မှာ အဘယ်နည်း။ သို့တည်းမဟုတ်၊ ကျွန်ုပ်တို့ မျှော်လင့်နေ သည့်အရာမှာ အဘယ်အရာနည်း . . .

ဘုရားသခင်၏ အလိုတော်သည် ကျွန်ုပ်တို့အသက်တာ၌ ဖြစ်ထွန်းစေခြင်းငှာ ကျွန်ုပ်တို့ မျှော်လင့်ကြသည်။ အလိုတော်ဟူသောစကားလုံးမှာ . . . ဘုရားသခင်၏ အကြံအစည် အလိုဆန္ဒစီမံမှုနှင့် သဘောတော်ဟူသော အဓိပ္ပါယ်တို့ကို ဆိုလိုပါသည်။ ဘုရားသခင်သည် လူကို ဖန်ဆင်းရာတွင် ထင်ရှားသော ရည်ရွယ်ချက် တစ်ခုရှိသည်ကို ကျွန်ုပ်တို့ မြင်ခဲ့ရလေပြီ။ ဘုရားသခင်သည် မိမိ၏ သားသမီး (သင်လည်းအပါအဝင်) အသီး သီးတို့အပေါ်၌ ထူးခြားသော ရည်ရွယ်ချက်ရှိလေသည်။ ဤသည်ကား သင်သည်ပင်လျှင် ကယ်တင်ခြင်းရရှိသည်နှင့် ဘုရားသခင်၏ သားသမီးဖြစ်ရသောအခွင့်ရှိသည်။ ဘုရားသခင်၏ အလိုတော်နှင့် အကြံတော်သည် သင့်အတွက် သမ္မာကျမ်းစာ၌သာ တွေ့နိုင်ပါသည်။

ဤကမ္ဘာစကြာဝဠာ၌ နေထိုင်ကြသော လူသတ္တဝါအပေါင်းတို့အတွက် ဘုရားသခင်၏ အကြံအစည် တော်သည် ကောင်းမြတ်သော အကြောင်းအရာနှင့် ရည်ရွယ်ချက်များ ထားရှိလေသည်။ အလွန် သေးငယ်၍ မပြောပလောက်သော ကောင်းကင်၌ ပျံဝဲနေသည့် စာငှက်ကလေးပင်လျှင် ဘုရားသခင် ခွင့်ပြုတော်မမူလျှင် မြေဝယ်သို့ ထိုးကျလိမ့်မည် မဟုတ်ပေ။ (ရှင်မဿဲခရစ်ဝင် ၁၀:၂၉)

သင်သည် ဤလောကသို့ ရောက်လာခြင်း၊ သင်၏ ကြီးထွားခြင်း၊ ဒုက္ခဆင်းရဲခြင်းနှင့် ပျော်ရွှင်ခြင်း၊ စုံစမ်းခြင်းနှင့် သုခချမ်းသာခြင်း၊ ဆုံးရှုံးခြင်းနှင့် အောင်မြင်ခြင်း၊ သေခြင်းသည်ပင်လျှင် ဘုရားသခင်၏ ရည်ရွယ်ချက်ရှိလေသည်။ ဘုရားသခင်၏ အလိုတော်နှင့် အကြံအစည်တော်သည် အစဉ်အမြဲ ပြည့်စုံမှန်ကန်၍ ကောင်းမြတ်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် သင်၏ အသက်တာကို ခရစ်တော်အား ပေးအပ်ခြင်းဖြင့် ဘုရားသခင်၏ အလိုတော်ကို မိမိအသက်တာ၌ လုံးဝမျှော်လင့်နိုင်ခဲ့လေသည်။

ဘုရားသခင်၏ အလိုတော်သည် သင့်အပေါ်၌ ပြည့်စုံစေခြင်းငှါ သင်မျှော်လင့်သောအခါ ဤမျှော်လင့်ခြင်းသည် အားလုံးသော မျှော်လင့်ခြင်းများတွင် အမွန်မြတ်ဆုံး တန်ဖိုးအရှိဆုံး ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ တရားမျှတ၍ ဖြောင့်မတ်ခြင်းတို့ကို မျှော်လင့်တောင့်တကြသည်။ ယခင်က ကျွန်ုပ်တို့ လေ့လာခဲ့သည့်အတိုင်းပင် ဘုရားသခင်သည် အဓမ္မတရား၊ ဒုစရိုက်၊ သို့တည်းမဟုတ် ကိုယ်ကျိုးမဖတ်ခြင်း စသည်တို့နှင့် ပြေလည်မှုကို မလုပ်နိုင်၊ လုပ်လည်း မလုပ်လိုပေ။ ဤကဲ့သို့သော ဘုရား သခင်၏ ဖြောင့်မတ်သော စီရင်မှုကိုသာ ကျွန်ုပ်တို့သည် အားထားမျှော်လင့်လေသည်။

မှန်ပါသည်။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသည် တခါတရံ ကျွန်ုပ်တို့ အတွက် ဒုက္ခဆင်းရဲခြင်းနှင့် အခက်အခဲ အမျိုးမျိုးဖြစ်စေနိုင်ပါသည်။ ဤသို့ ကြောင့် ကျွန်ုပ်တို့၏ စိတ်ထဲ၌ သံသယစိတ်ပေါ်ပေါက်လာခြင်း၊ အပြစ်တင်ခြင်း များလည်း ဖြစ်စေနိုင်ပါသည်။ သို့ရာတွင် ဤသည်တို့ကြောင့် ဘုရားသခင်သည် ဖြောင့်မတ်ခြင်းမရှိဟု မဆိုနိုင်ချေ။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ စကားတော်အတိုင်း မြေကြီးပေါ်၌ အသက်ရှင်နေရကာ ကျွန်ုပ်တို့သည် ဒုက္ခဆင်းရဲခြင်းနှင့် ရင်ဆိုင်နေရမည်ကို လည်းကောင်း၊ ဆွေမျိုးမိတ်ဆွေများတို့၏ အထင်လွဲခြင်းကို သည်းခံ နေရမည် ကိုလည်းကောင်း၊ မိမိ၏ လက်ဝါးကပ်တိုင်ကို ထမ်းဆောင်ရမည်ကိုလည်း ကောင်း အစဉ်အမြဲရှိနိုင်လေသည်။ သို့သော် ကျွန်ုပ်တို့သည် ဤကဲ့သို့သော အသက်ရှင်ခြင်း၌ တွေ့ကြုံရသော စုံစမ်းခြင်းများကြောင့် စိတ်ပျက်ခြင်းမရှိချေ။ အကြောင်းမှာ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင် သည်းခံနိုင်ခြင်း၊ သို့မဟုတ် ပြည့်ဝသော ခွန်အားများ ရှိခြင်းကြောင့်မဟုတ်။ ဘုရားသခင်၏ တရားမျှတ၍ ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့သည် ယုံကြည်အားထားခြင်းကြောင့် ဖြစ်လေ သည်။ အကယ်၍သာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမှန်တရားကိုသာ မျှော် လင့်မည်ဆိုလျှင် ကျွန်ုပ်တို့အား ကိုယ်တော်သည် အပြစ်ပေးမည်ကိုပင် ကြောက် ရွံ့ကြလိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည် သူ့အား ယုံကြည်ဆည်းကပ် သောသူများ၏ မေတ္တာတော်ရှင် ဖြစ်တော်မူသည်။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ ကိုယ်တော်အား ကျွန်ုပ်တို့ ချစ်ရသောအကြောင်းကား ဘုရားသခင်သည် ငါတို့ကို ရှေးဦးစွာ ချစ်တော်မူသောကြောင့် ငါတို့သည် ဘုရားသခင်ကို ချစ်ကြ၏။ (၁ယောဟန် ၄:၁၉)

သို့သော် အရှင်သခင် ခရစ်တော်သည် ကျွန်ုပ်တို့ကို ချစ်လျက်ရှိနေသည်ကို ကျွန်ုပ်တို့ မေ့ပစ်၍ မသင့်ပေ။ တစ်မိနစ်မှပင် မမေ့သင့်ပေ။ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏ အပြစ်များအတွက် လက်ဝါးကားတိုင်ပေါ်တွင် သေခြင်းကို ခံယူ၍ ကယ်တင်ခြင်းကို ပေးသည့်တိုင်အောင် ချစ်တော်မူသည်။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် သန့်ရှင်းပြည့်စုံလေသည်။ ကိုယ်တော်သည် အလွန်ဆိုးယုတ်သော အပြစ်သားများကိုပင် ချစ်တော်မူသည်။ သို့သော်လည်း သူတို့၏အပြစ်ကိုကား ရွံရှာတော်မူသည်။ ဘုရားသခင်၏ မေတ္တာသည် လူတို့၏ မေတ္တာကဲ့သို့ လျှို့ဝှက်သော ရည်ရွယ်ချက်များ မပါရှိပေ။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အကန့်အသတ်မရှိပါ။ ကိုယ်တော်ရှင်သည် လောကသားတို့ မုန်းတီးနေကြသောသူတို့အား ချစ်တော်မူ၏ ကိုယ်တော်ရှင်၏ ချစ်ခြင်းမေတ္တာသည် လွန်စွာနိမ့်ကျလျက်ရှိသော အပြစ်သားနှင့် လောကအရာ၌ ဂုဏ်အနိမ့်ကျဆုံးသော သူတို့၌ရစ်ပတ်ဝိုင်းရံလျက် ရှိလေသည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏ မေတ္တာတော်နှင့် ကင်းဝေးနေခြင်းကားမရှိပေ။ ကိုယ်တော်ရှင်သည် ကြွယ်ဝသောသူတို့ကိုလည်းကောင်း၊ ဆင်းရဲသောသူတို့ကိုလည်းကောင်း၊ ပညာမဲ့သူကိုလည်းကောင်း၊ ပညာရှိသူတို့ကိုလည်းကောင်း ချစ်တော်မူ၏။

ကိုယ်တော်ရှင်သည် သင့်အားလည်း ချစ်တော်မူသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ထာဝရတည်တော်မူ၏။ ဆိုလိုသည်ကား ပြောင်းလဲခြင်းမရှိပေ။ ကိုယ်တော်၏ မေတ္တာတော်သည် အသင်နှင့် ကျွန်ုပ်တို့ကဲ့သို့ပင် ပတ်ဝန်းကျင်၏ အခြေအနေအချိန်နှင့်လိုက်၍ ပြောင်းလဲခြင်းကားမရှိ။ မည်သို့ဆိုစေ၊ ဘုရားသခင်သည် လူသားအားလုံးနှင့်တကွ နောင်တရကြ၍ ခရစ်တော်အား ယုံကြည်ကြသော အပြစ်သားအသီးသီးတို့ကိုလည်း ချစ်တော်မူ၏။

ကျွန်ုပ်တို့သည် ဤ(၃)မျိုးတို့ကို မျှော်လင့်အားထားခြင်း ဖြစ်လေသည်။ ဤသည်မှာ ဘုရားသခင်၏ အလိုတော်၊ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းနှင့် တကွ ဘုရားသခင်၏မေတ္တာတော်တို့ဖြစ်လေသည်။ ယင်းတို့သည် ကျွန်ုပ်တို့အတွက် အမှန်ပင် ထိုက်သင့်သော မျှော်လင့်ခြင်းပင် မဟုတ်ပါလော။

ဤသို့သော မျှော်လင့်ခြင်းကြောင့်ပင် ကျွန်ုပ်တို့၌ အောက်ပါအရေးကြီးသော စိတ်သဘောထား သုံးမျိုး ရှိလာပေသည်။

သည်းခံခြင်း။
နှိမ့်ချခြင်း။
အာမခံခြင်း။

ဘုရားသခင်၏ အလိုတော်သည် သင့်အသက်တာ၌ ပြည့်စုံစေတော်မူခြင်းအလိုငှာ သင်သည် မျှော်လင့်သောအခါတွင် ဘုရားသခင်သည် သင့်အားသည်းခံနိုင်သောစိတ်ထားကိုပေး၍ အရာခပ်သိမ်းတို့ကို သည်း ခံစွမ်းရှိစေခါ အလိုတော်သည် သင့်အပေါ်၌ ပြည့်စုံသည့်တိုင်အောင် တည်ပေလိမ့်မည်။ သည်းခံနိုင်ခြင်းသည် အောင်မြင်သော ခရစ်ယာန်တို့၏ အသက်ရှင်ခြင်းတွင် အလွန်အရေးပါလှသော သော့ချက်သဖွယ်ဖြစ်လေသည်။

သင်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မျှော်လင့်သောအခါ သင်သည် နှိမ့်ချခြင်းသို့ အမှန်ပင် ရောက်ရှိပေလိမ့်မည်။ ဤနှိမ့်ချခြင်းသည် သင့်အားလွန်စွာကြွယ်ဝသော ခရစ်ယာန်အသက်တာသို့ ပို့ဆောင် ပေလိမ့်မည်။

သင်သည် ဘုရားသခင်၏ မေတ္တာတော်ကို မျှော်လင့်သောအခါ သင်သည်လည်း ကိုယ်တော်၏ ချစ်ခြင်း အာမခံချက်ကို ရပေလိမ့်မည်။ သင်သည် ဘုရားသခင်၏ မေတ္တာတော်ကို မျှော်လင့်သောအခါ အပြစ်၏ ခွင့်လွှတ်ခြင်း၊ အသက်တာ၏ တည်ငြိမ်ခြင်း၊ အတွင်းစိတ်၏ငြိမ်သက်ခြင်းတို့သည် သင့်ထံသို့

သက်ရောက်ပေလိမ့်မည်။ ဤသို့သော အာမခံချက်များသည် မည်သူတစ်ဦးတစ်ယောက်မျှ ဖျက်ဆီး၍ မရပေ။

ဤသည်းခံခြင်း၊ နှိမ့်ချခြင်းနှင့် အာမခံချက်တို့သည် ပျော်ရွှင်သော အသက်တာရရှိဖို့ရန် လိုအပ်သောအချက် ဖြစ်လေသည်။ ယင်းနှင့်ပတ်သက်၍ နောက်တစ်ခန်းတွင် သင်သည် တစ်ဆင့်တိုး၍ လေ့လာရပေဦး မည်။

## အခန်း (၃) ချစ်ခြင်း

လွန်ခဲ့သောနှစ်ခန်း၌ ကျွန်ုပ်တို့ လေ့လာပြီးခဲ့သော ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည် ချစ်ခြင်း၌ သာ ပြည့်စုံခြင်းကို ရရှိနိုင်ပေမည်။

ကောရိန္သုဩဝါဒစာ ပထမစောင် အခန်း (၁၃) ကို မေတ္တာအခန်းဟု ခေါ်ဆိုကြ၏။ ယင်းသည် အလွန် သင့်တော်သောအမည်နာမဖြစ်လေသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်၏နေ့စဉ်အသက်ရှင်ခြင်းနှင့် ပြုမူလှုပ်ရှားမှုပေါ်၌ ပေါ်လွင်ထင်ရှားသည်ဆိုသော် ဤအခန်းသည် သမ္မာကျမ်းစာထဲ၌ အမြင့်မြတ်ဆုံး အခန်း တစ်ခန်းဖြစ်သည်ဟု ဆိုရပေမည်။

ယခု ကျွန်ုပ်တို့သည် ဤတစ်ခန်းလုံးကို တစ်ပိုဒ်ချင်းစီအတူတကွ ဖတ်ကြမည်။ ပြီးနောက် ယင်း၏ အဓိပ္ပါယ်ကို စဉ်းစားကြစို့။ ပထမသုံးပိုဒ်သည် ချစ်ခြင်းမေတ္တာကင်းမဲ့သော ဝိညာဉ်ရေးဆိုင်ရာ အသက်ရှင်ခြင်းမျိုးသည် မည်ကဲ့သို့ ဖြစ်နေကြောင်းကို ရှင်းလင်းစွာ ညွှန်ပြထားလေသည်။

ငါသည် လူ့ဘာသာစကား အမျိုးမျိုးကိုလည်းကောင်း၊ ကောင်းကင်တမန် ဘာသာစကားများကိုလည်း ကောင်း၊ ပြောနိုင်သော်လည်း . . .

. . . ပရောဖက်ဉာဏ်ကို ငါရ၍ နက်နဲသောအရာရှိသမျှနှင့် သိပ္ပံအတတ်အမျိုးမျိုးကိုတတ်သော်လည်းကောင်း၊ တောင်များကို ရွှေ့နိုင်သော ယုံကြည်ခြင်း အမျိုးမျိုးနှင့် ပြည့်စုံသော်လည်းကောင်း . . .

. . . သူတပါး (ဆင်းရဲသား) ကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့ စေခြင်းငှါ အပ်သော်လည်းကောင်း . . .

အထက်ပါအရာတို့သည် သင်၏ ခရစ်ယာန်အသက်ရှင်ခြင်း၌ အလိုရှိသော မွန်မြတ်သည့် ပါရမီမျိုးမဟုတ်ပါလော။ သင်လည်း သဘောတူလက်ခံလိမ့်မည်ဟု ယုံကြည်ပါသည်။ ယင်းပါရမီမျိုးတို့သည် မွန်မြတ် သည်သာမက ခရစ်ယာန်တို့၏ မြင့်မြတ်လှသော ရဲရင့်သည့် လုပ်ဆောင်ခြင်းနှင့် ဘဏ္ဍာတို့သည် ဖြစ်ပေသည်။

သို့ရာတွင် ယင်းပါရမီအားလုံးတို့ ဖော်ပြသည့်အထဲတွင် မေတ္တာမရှိလျှင် ဟူသော နောက်ဆက်တွဲ စကားလုံးတို့ကို သတိပြုစေချင်ပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့သည် ရှေးဦးစွာ အကြောင်း(၂)ချက်ကိုပါ လေ့လာရပါမည်။

(၁) မေတ္တာမရှိလျှင် ထိုအထက်ပါ ဖော်ပြထားသော ပါရမီများရှိနိုင်ပါမည်လော။ သင်သည် စေ့ဆော်မှု ကြောင့် သင်၏ဥစ္စာပစ္စည်းရှိသမျှကို ဆင်းရဲသားတို့အား စွန့်ကြဲပေးကမ်းခြင်းသည် သင်လုပ်ရမည့် စေတနာ သို့မဟုတ် တာဝန်တစ်ရပ်ဖြစ်သည်ဟူသော အသိစိတ်ကြောင့်သာဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သင်သည် အမျိုးမျိုးသော လူဘာသာစကားကိုသော်လည်းကောင်း၊ ကောင်းကင်တမန်စကားများကိုသော်လည်းကောင်း ပြောနိုင်သော်လည်း ထိုသူတို့အပေါ်၌

မေတ္တာမရှိဘဲနေ၍ တောင်များကို ရွှေ့နိုင်သောယုံကြည်ခြင်းသည် ချစ်ခြင်းကင်းမဲ့ပြီး အလွန်အေးစက်သော မေတ္တာမဲ့သည့် ခွန်အားမျိုးဖြစ်နိုင်လေသည်။

အကယ်၍ မေတ္တာမရှိလျှင် မည်ကဲ့သို့ ဖြစ်မည်နည်း။

ငါသည် . . . အသံမြည်သော တံပိုးခရာကဲ့သို့လည်းကောင်း၊ တီးသံကိုသာ ပေးတတ်သော လင်းကွင်း ကဲ့သို့လည်းကောင်းဖြစ်၏။ (ငါသည်) အချည်းနှီးသက်သက်ဖြစ်၏။ ငါ၌အကျိုးမရှိ။

(၂) ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ဘုရားသခင်သည် မိမိ၏သားတော်ကို ကျွန်ုပ်တို့အတွက် အသေခံစေခဲ့ရာ အကြီးမြတ်ဆုံးသော မေတ္တာကို ထင်ရှားစေခဲ့ခြင်းဖြစ်သည်။ ခရစ်ယာန်ဘာသာသည် မေတ္တာရှိသော ဘာသာဖြစ်လေသည်။ သင်၏အသက်ရှင်ခြင်းသည် ဤချစ်ခြင်းမေတ္တာ၏ စိုးမိုးမှုကို ခံရပေမည်။ ဤမေတ္တာအားဖြင့် ဖော်ပြရမည်။ ဤမေတ္တာ၏ စိမ့်ဝင်မှုကိုပင် ခံရပေမည်။ သို့မဟုတ်လျှင် သင်၏ ယုံကြည်ခြင်းနှင့် မျှော်လင့်ခြင်းသည် အကျိုးမဲ့ အချည်းနှီးသက်သက်သာ ဖြစ်ပေလိမ့်မည်။

ချစ်ခြင်းသည် သမ္မာကျမ်းစာထဲ၌ အမှန်တရားကို ပြည့်စေခြင်းဖြစ်၏။ သို့ဆိုလျှင် ဤချစ်ခြင်းမေတ္တာ သည်ကား အဘယ်နည်း။ ယင်းသည် မည်သို့သော သဏ္ဍာန်ကို ဆောင်ပါသနည်း။

ကျွန်ုပ်တို့သည် အခန်းငယ် ၄ မှ ၈ အထိ ဆက်၍ ဖတ်ကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့၌ ရှိအပ်သော မေတ္တာ၏ တန်ဖိုးစွမ်းအင်ကို မြင်ရပေလိမ့်မည်။

မေတ္တာသည် စိတ်ရှည်တတ်၏၊ ကျေးဇူးပြုတတ်၏၊ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ်အကျိုးကို မရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ (သူတစ် ပါးပေါ်တွင်)

အပြစ်ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်း မြောက်တတ်၏။

ခပ်သိမ်းသောအရာကို ဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကို ယုံတတ်၏။ ခပ်သိမ်းသေသာအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသေသာအရာကို သည်းခံတတ်၏။

## မေတ္တာသည် ဆုံးခန်းတိုင်ခြင်း မရှိပေ။

ကျွန်ုပ်တို့သည် မေတ္တာ၏ လက်တွေ့ကျင့်သုံးမှုအားဖြင့် အသက်တာ၌ လိုအပ်သော အချက်များကို အတူတကွစဉ်းစားကြစို့။

၁။ ဤမေတ္တာသည် အခြားသောသူတို့ကို နားလည်နိုင်သောခွန်အားကို အသုံးချခြင်း၊ နားလည်မှုသည် အခြားသူတို့နှင့် ဆက်ဆံရာ၌ ပြေလည်မှုရှိပြီး အကျိုးရှိသော အရာတို့၏ သော့ချက်သဖွယ်ဖြစ်၏။ မည်သူတစ် ဦးတစ်ယောက်မျှ သင်နှင့်ထပ်တူထပ်မျှမရှိ။ ရှိရှိသမျှသောသူတို့သည်လည်း အချင်းချင်းမှ မတူညီကြပေ။

လူတိုင်းတို့တွင် မတူညီသောဂုဏ်အင်္ဂါ၊ မတူညီသော အတွေးအခေါ်၊ မတူညီသော ဘဝရပ်တည်မှု၊ မတူညီသော ကျောထောက်နောက်ခံ၊ မတူညီသော ခန္ဓာကိုယ်၊ မတူညီသော ပုံပန်းသွင်ပြင်တို့ ရှိကြလေသည်။ တစ်ခါတစ်ရံ အသွင်သဏ္ဍာန်တူညီကြသောသူတို့ကိုလည်း တွေ့ကောင်းတွေ့ပေလိမ့်မည်။ သို့ရာတွင် နှစ်ဦး နှစ်ဘက် ထပ်တူထပ်မျှ လုံးဝတူညီခြင်းကား မရှိပေ။

မတူညီသော လူသားများ ပြည့်နှက်လျက်ရှိသည့် ဤကမ္ဘာပေါ်တွင် ကျွန်ုပ်တို့ နေထိုင်နေရသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သူတစ်ပါးနား

လည်နိုင်သော ခွန်အားကို အသုံးချရပေလိမ့်မည်။ ဤသို့မဟုတ် လျှင် နှစ်စဉ်နှစ်တိုင်း စစ်ဖြစ်နေရမည်သာ။

ထို့ပြင်မက သင်သည် ဘုရားသခင်၏ သားသမီးဖြစ်သောကြောင့် သူတစ်ပါးအပေါ် နားလည်မှုရှိသည်ကိုပြသဖို့ရန် အထူးတာဝန်ရှိလှပေသည်။ ဤသည်မှာ ချစ်ခြင်း၏ ပထမဆုံး လိုအပ်ချက်ပင်တည်း။

ယင်းနားလည်မှုခွန်အားကို အသုံးချရာတွင် သင်သည် သည်းခံခြင်းရှိဖို့လိုသည်။ အကြောင်းမှာ သင်သည် သူတို့အပေါ်နားလည်မှုရှိကြောင်းကို သူတို့သည် မသိရှိကြပေ။

၂။ ဤချစ်ခြင်းမေတ္တာသည် သင့်အားသူတစ်ပါးအား ခွင့်လွှတ်နိုင်သော သဘောထားကို စိတ်ထဲ၌ပေါ်ပေါက်စေလေသည်။ ခရစ်တော်၏မေတ္တာသည် ခွင့်လွှတ်သောမေတ္တာဖြစ်သည်။ ဘုရားသခင်သည် သင်၏ ကြောက်မတ်ဖွယ်ကောင်းသော အပြစ်များကို ခွင့်လွှတ်ခြင်းအားဖြင့် မိမိ၏ချစ်ခြင်းမေတ္တာကို သင့်အားပြသခဲ့လေပြီ။ ယခုသင်သည်လည်း သူတစ်ပါးကို ခွင့်လွှတ်နိုင်ရန် တာဝန်ရှိလာပေသည်။

သင်သည် သင်၏ဆွေမျိုးရင်းခြာ၊ မိတ်ဆွေသူငယ်ချင်း၊ အပြင် လောကနှင့်တကွ၊ တိုင်းနိုင်ငံတို့၏ အပြစ်နှင့် မှားယွင်းမှုတို့အား ခွင့်လွှတ်ခြင်းကို မည်ကဲ့သို့ ပေါ်လွင်စေမည်နည်း။

ခွင့်လွှတ်သည်သာမက နှိမ့်ချသော စိတ်သဘောထားနှင့်သာ ခွင့်လွှတ်ရပေမည်။ ယာဉ်ထိန်းရဲတစ်ဦးသည် ယာဉ်စည်းကမ်းသူတစ်ဦးအား ခွင့်လွှတ်သည်မှာ မဖြစ်သင့်ပါ။ သင်သည်လည်း အပြစ်သားတစ်ယောက်ဖြစ်ကြောင်းကို သင်၏ စိတ်ဝိညာဉ်ထဲ၌ အမှန်တကယ် နှိမ့်ချစွာနှင့် သိမြင်တတ်ဖို့လိုပေသည်။ သူ

တစ်ပါးကို ခွင့်လွှတ်ရာ၌ နှိမ့်ချသော စိတ်သဘောထားမရှိခဲ့ပါလျှင် မိမိကိုယ်မိမိ အစဉ် အထင်ကြီးစေတတ်သည်။

၃။ ချစ်ခြင်းမေတ္တာသည် သင့်အား စေတနာ့ဝန်ကို ထမ်းဆောင်ဖို့ရန် လှုံ့ဆော်ပေးလေသည်။ (ရှင်ယောဟန်ခရစ်ဝင် ၁၃:၁-၁၁ ကို ဖတ်ပါ)။

ဤတွင် ကိုယ်တော်ရှင်သည် တပည့်တော်တို့၏ ခြေကို ဆေးတော်မူသည်ကို တွေ့ရပေသည်။ ကိုယ်တော်ရှင်သည် သူတို့၏ ခေါင်းနှင့် လက်များကို ဆေးပေးပါသလော။ ထိုသို့မဟုတ်ဘဲ သူတို့၏ခြေများကိုသာ ဆေးပေးတော်မူ၏။ ကိုယ်တော်ရှင်သည် မိမိ၏ လက်တော်အားဖြင့် တပည့်တော်ကို ခန္ဓာကိုယ်၏ အနိမ့်ကျဆုံးအစိတ်အပိုင်းဖြစ်သော ခြေများကို ဆေးပေးခဲ့လေသည်။ ကိုယ်တော်ရှင်သည် ဤသို့ပြုမူခြင်းဖြင့် ပုံသက်သေကို ပြပြီးနောက် မိန့်တော်မူသည်မှာ . . .

သင်တို့၌ ငါပြုခဲ့သောအမှုကို နားလည်ကြသလော။

သင်တို့သည် ငါ့ကို ဆရာဟူ၍လည်းကောင်း၊ သခင်ဟူ၍လည်းကောင်း ခေါ်တတ်ကြ၏။

ထိုစကားသည်လည်း ဟုတ်မှန်သောစကားဖြစ်၏။

အကြောင်းမူကား သင်တို့ခေါ်ကြသည့်အတိုင်း ငါမှန်၏။ ငါသည် သခင်ဖြစ်လျက်၊ ဆရာလည်းဖြစ် လျက်နှင့် သင်တို့၏ ခြေကိုဆေးလျှင် သင်တို့သည် အချင်းချင်းတို့၏ ခြေကို ဆေးရကြမည်။

ငါသည် သင်တို့၌ ပြုသကဲ့သို့ သင်တို့သည် ပြုစေခြင်းငှါ ပုံသက်သေကို ပြခဲ့လေပြီ။

ဤအရာများကို သင်တို့သိ၍ သိသည့်အတိုင်း ကျင့်လျှင် မင်္ဂလာရှိကြ၏။ (ရှင်ယောဟန်ခရစ်ဝင် ၁၃:၁၂-၁၇)

ကျွန်ုပ်တို့ပြောဆိုနေကြသော ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့၏ မေတ္တာပါသော အပြုအမူနှင့် အလုပ်အကျွေးအားဖြင့် ဖော်ထုတ်ရမည်သာ။ သို့ရာတွင် သူတစ်ပါးအား အလုပ်အကျွေးပြုခြင်း၌ ဖြောင့်မတ်သန့်ရှင်းသော ရည်ရွယ်ချက်နှင့်သာ ပြုလုပ်ရပေမည်။ သင်၏ အလုပ်အကျွေးပြုခြင်းသည် အဖိုးအခသို့တည်းမဟုတ်၊ ကျေးဇူးတုန့်ပြန်မှုကို လိုလားမျှော်လင့်နေပါလျှင် သင်သည် လူငှားတစ်ဦးနှင့် မခြားတော့ပေ။

သင်၏ အလုပ်အကျွေးပြုမူခြင်းများကို သင်၏ အိမ်သား၊ မိတ်ဆွေ၊ အပြင်လောကတို့က အရေးစိုက် သည်ဖြစ်စေ၊ အရေးမစိုက်သည်ဖြစ်စေ၊ သင်၏ အလုပ်အကျွေးပြုခြင်းကို ခံစားခဲ့ရသော သူတို့၏ ချီးမွမ်းစကားများကို ကြားရသည်ဖြစ်စေ၊ မကြားရသည်ဖြစ်စေ၊ သင်သည် ဂရုစိုက်ရန်မလိုဘဲ ဆက်လက်၍သာ ဆောက်ရွက်သွားရပေမည်။ သင်၏အလုပ်အကျွေးပြုခြင်းသည် နောက်ဆုံးတွင် ခရစ်တော်အတွက်သာဖြစ်လေသည်။ အထက်မှာ ကျွန်ုပ်တို့တွေ့ရှိခဲ့ရသကဲ့သို့ပင် သင်၏အလုပ်အကျွေးပြုခြင်းသည် ကိုယ်တော်၏ မေတ္တာတော်လှုံ့ဆော်မှုကြောင့်သာ ဖြစ်ရပေမည်။ ကျွန်ုပ်တို့သည် မိမိတို့၏အလုပ်အကျွေးပြုမူခြင်းမှ ကျေးဇူးတုန့်ပြန်ခြင်းကို မျှော်လင့်သောအခွင့်မရှိ။ ယင်းသည် မွန်မြတ်သော အထူးအခွင့်အရေးတစ်ရပ်သာဖြစ်သည်ဟု အစွဲပြုပြီး ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအားဖြင့် သူတပါးကို အလုပ်အကျွေးပြုကြရ၏။ အကြောင်းမူကား ကျွန်ုပ်တို့သည် ဘုရားသခင်ကို ချစ်ရမှန်းမသိသော ကာလတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ရှေးဦး စွာကပင် ချစ်နှင့်ခဲ့လေပြီ။

ဤသည်တို့သည် ကျွန်ုပ်တို့တွင် ရှိအပ်သော မေတ္တာတရားဖြစ်သည်။ တစ်ပါးသော သူတို့ပေါ်တွင် နားလည်မှုရှိကြပါ။ သင့်ကိုယ်ကို နှိမ့်ချစွာနှင့် သင့်ကို ပြစ်မှားမိခဲ့သောသူတို့ကို ကျေနပ်စွာ ခွင့်လွှတ်ကြပါ။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာအားဖြင့် သူတို့အား အလုပ်အကျွေးပြုကြပါလေ။

ဤအရာများတို့သည် စုပေါင်း၍ ကျွန်ုပ်တို့ကိုယ်ပေါ်၌ ထင်ရှားစေသော အခါတွင် အခြားသူတို့သည် ကျွန်ုပ်တို့ထံမှ ခရစ်တော်၏ မွှေးရုံနံ့ကို ခံစားမိပေလိမ့်မည်။ ဤသို့သော မေတ္တာမျိုးသည် မြင့်မြတ်သော တွေးခေါ်မှုတစ်ရပ် အနေနှင့်သာ သင်၏စိတ်ထဲ၌ တည်ရှိမနေသင့်ဘဲ ယင်းအားဖြင့် သင်၏စိတ်နှလုံးကို လှုံ့ဆော်ခြင်းဖြင့် လက်တွေ့အကောင့်အထည်ဖော်ထုတ်ရပေမည်။ ယင်းသည်ပင်လျှင် သင်၏ အသက်ရှင်ခြင်းဖြစ် သည်။

ကျွန်ုပ်တို့သည် မည်သူ့ကို ချစ်ရမည်နည်းဟူ၍ လူအများတို့က မေးကြမည်မှာ ဓမ္မတာပေတည်း။

မေတ္တာဟူသည် တတိယပုဂ္ဂိုလ် ပါဝင်မှုရှိမှသာလျှင် ဖော်ထုတ်နိုင်ပေမည်။ လူသားတို့အချင်းချင်း ဆက်ဆံရာ၌ ယင်းသည် အောင်မြင်မှုကြီးကို ကောင်းစွာ ရယူခဲ့လေပြီ။ သင်သည် သင်၏ဇနီး သို့မဟုတ် ခင်ပွန်းအားလည်းကောင်း သားသမီး သို့မဟုတ် မိဘတို့အားလည်းကောင်း ချစ်ရမည်ဆိုပါလျှင် လွန်စွာပင် လွယ်ကူသော ကိစ္စတစ်ရပ်သာ ဖြစ်လေသည်။ သင့်ကို ခင်မင်သော မိတ်ဆွေတို့ကို သင်ချစ်ရမည်ဆိုလျှင်လည်း များစွာမခဲယဉ်းလှပေ။ ဤသို့ ပြုကျင့်ရာတွင် သင်သည် ခရစ်တော်၏ မေတ္တာတော်ပင် မလိုပေ။

သင်ချစ်ရမည့် တစ်ဖက်သား ပြုကျင့်ရမည့်နယ်ပယ်နှင့် ပတ်သက်၍ သမ္မာကျမ်းစာထဲ၌ ဆိုထားသည် ကို နားထောင်စေလိုပါသည်။

သင်တို့၏ ရန်သူကို ချစ်ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။

သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို နှောင့်ယှက်သောသူတို့အဖို့ ဘုရား သခင်ကို ဆုတောင်းကြလော့။ (ရှင်လုကာခရစ်ဝင် ၆:၂၇-၂၈)

ဤသည်တို့သည် သင်၏ယေရှုခရစ်ကိုယ်တော်တိုင် မိန့်ကြားခဲ့သော စကားတော်ပေတည်း။

ယင်းသည် သင်ချစ်ရမည့် နယ်ပယ်၏ အကျယ်အဝန်းနှင့် အနက်တို့ကို ညွှန်ပြလေသည်။ ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါး တည်လျက်ရှိ၏။ သုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ် ဆုံးဖြစ်သတည်း။

ဤနေရာတွင် တစ်ခန်းရပ်ကြဦးစို့။ နောင်တစ်ခန်း ကျန်ရှိသေးသည်ကို သတိပြုကြပါ။ ယင်းသည် လည်း နောက်ဆုံးသော သင်ခန်းစာပေတည်း။

# သင်ခန်းစာ (၄)

## သင်ပြုလုပ်ရမည့်ကိစ္စသုံးရပ်

သင်ခန်းစာများ၏ နောက်ဆုံးအခန်းသို့ သင်ရောက်နေပါပြီ။ ပြီးခဲ့သော သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းသည်၊ အကျိုးရှိသည်ဟု သင်တွေ့မြင်ခဲ့သည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ သို့မဟုတ်လျှင် သင်သည် ယခုထိတိုင် ဆက်လက်၍ လေ့လာမည်မဟုတ်ပါ။ သင်၏ ကြိုးစားမှုကို ကျွန်ုပ်တို့သည် ထပ်မံ၍ ချီးကျူးလိုက်ပါသည်။

ဤအခန်းတွင် ခရစ်ယာန်၏အသက်တာ၌ လက်တွေ့ပြုလုပ်ရမည့် ကိစ္စသုံးရပ်ကို ကျွန်ုပ်တို့လေ့လာပါမည်။ ခရစ်တော်၌ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း ကြီးထွားလာ၍ အသီးများ သီးစေခြင်းငှါ ဤကိစ္စသုံးရပ်သည် အလွန်အရေးကြီးပါသည်။

### အခန်း (၁) ကျမ်းစာလေ့လာခြင်း

သင်၌ သမ္မာကျမ်းစာအုပ်မရှိသေးလျှင် ကျေးဇူးပြု၍ တစ်အုပ်ဝယ်ထားပါ။ ကျမ်းစာတစ်အုပ်လုံးကို မဝယ်နိုင်လျှင် ဓမ္မသစ်ကျမ်းကိုသာ ဝယ်ပါ။

သင်ခန်းစာမစမီ အချက်တစ်ချက်ကို ရှင်းလင်းစွာ သိစေချင်ပါသည်။ သင်သည် စိတ်အနှောင့်အယှက် မရှိခဲ့ပါလျှင် သင်သည် ဤကျမ်းစာ ဖတ်သော အခါ လွယ်ကူစွာ နားလည်နိုင်ပါသည်။

## ၁။ ကျမ်းစာကို နေ့စဉ်ဖတ်ပါ

ကျမ်းစာသည် သင်၏ဝိညာဉ်အတွက် အစာဖြစ်ပါသည်။ သင်၏ဝိညာဉ်သည် သင်၏ကိုယ်ခန္ဓာကဲ့သို့ပင် နေ့စဉ် စားသောက်ရန်လိုပါသည်။ ဝိညာဉ်သည် ကိုယ်ခန္ဓာထက်ပင် အစားအစာပို၍ လိုအပ်ပါသည်။ ကျမ်းစာကို တစ်ရက်မဖတ်လျှင် သင်၏ ဝိညာဉ်သည်လည်း အစာငတ်၍ အားနည်းပေလိမ့်မည်။ သင်၏ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့ကို ထိခိုက်လာပေလိမ့်မည်။

တနင်္ဂနွေတစ်နေ့ထဲ၌ ကျမ်းစာ (၇) ခန်းကိုဖတ်ပြီး ကျန် (၆) ရက်တို့၌ ကျမ်းစာလုံးဝ မဖတ်ဘဲမနေပါ နှင့်။ သင်သည် တနင်္ဂနွေတစ်နေ့ထဲတွင် အစာ (၂၁) နပ် စားပြီး ကျန် (၆) ရက်တို့၌ လုံးဝ မစားဘဲနေပါ သလား။

ကျမ်းစာအုပ်ကို အေးအေးဆေးဆေးဖတ်ရန် သင့်အတွက် အခန်းသီးသန့်မရှိပါက တစ်နေ့လျှင်ကျမ်း စာတစ်ခန်းကိုသာဖတ်ပါ။ ရှည်သောအခန်းနှင့်ကြုံခဲ့လျှင် ၎င်းအခန်းကို ပိုင်း၍ နှစ်ရက်ဖတ်ပါ။

ကျမ်းစာဖတ်ရန် အကောင်းဆုံးအချိန်သည် နံနက်စာမစားမီအချိန် ဖြစ်ပါသည်။ ၎င်းအချိန်၌ သင်၏ စိတ်သည် ကြည်လင်ငြိမ်သက်သဖြင့် စွဲမှတ်လွယ်ပါသည်။

## ၂။ ကျမ်းစာကို စနစ်တကျဖတ်ပါ

ကျမ်းစာအုပ်ထဲရှိ ကျမ်းစောင်တစ်ခုစီသည် ကျန်ရှိသော ကျမ်းစောင်များနှင့် ကွဲပြားခြားနားသော ကြောင့် ကျမ်းစာဖတ်ရာ၌ တစ်နေ့ ဤနေရာဖတ်၍ နောက်တစ်နေ့၌ တခြားတစ်နေရာကို ဖတ်လျှင် စနစ်မကျသည့်အတွက် မသင့်တော်ပါ။ ကျမ်းစာဖတ်ရာ၌ အောက်ပါအစီအစဉ်အတိုင်းဖတ်ရန် အကြံပေးလိုပါသည်။

၁။ ရှင်မာကုခရစ်ဝင်။
၂။ ရှင်ယောဟန်ခရစ်ဝင်။
၃။ တမန်တော်ဝတ္ထု။
၄။ ရောမဩဝါဒစာ။
၅။ ကောရိန္သုဩဝါဒစာ ပထမစောင်။
၆။ ဂလာတိဩဝါဒစာ။
၇။ ရှင်လုကာခရစ်ဝင် နှင့် ကောရိန္သုဩဝါဒစာ ဒုတိယစောင်။
၈။ ဖေက်ဩဝါဒစာ၊ ဖိလိပ္ပိဩဝါဒစာ၊ တိတုဩဝါဒစာ။
၉။ ကောလောသဲဩဝါဒစာ နှင့် ယောဟန်ဩဝါဒစာ ပထမစောင်။
၁၀။ ရှင်မဿဲခရစ်ဝင် နှင့် ရှင်ယာကုပ်ဩဝါဒစာ။
၁၁။ တိမောသေဩဝါဒစာ ပထမစောင် နှင့် ဒုတိယစောင်။
၁၂။ ရှင်ပေတရုဩဝါဒစာ ပထမစောင် နှင့် ဒုတိယစောင်။
၁၃။ ဟေဗြဲဩဝါဒစာ။
၁၄။ ရှင်ယုဒဩဝါဒစာ၊ ဖိလေမုန်ဩဝါဒစာ၊ ရှင်ယောဟန်ဩဝါဒစာ ဒုတိယ နှင့် တတိယစောင်။
၁၅။ ဗျာဒိတ်ကျမ်း။

အမှတ် (၉) နှင့် (၁၁) ကိုလဲ၍ ၎င်း (၁၅) ကို (၁၀) နှင့် (၁၁) ကြားတွင် ထည့်၍၎င်း ပြုလုပ်လိုပါလျှင်လည်း ပြုလုပ်နိုင်ပါသည်။

အထက်ပါ အစီအစဉ်အတိုင်း ဓမ္မသစ်ကျမ်းကို ဖတ်ပြီးသည့်အခါ အစီအစဉ်ကို သင်ကိုယ်တိုင် ပြန်၍ အသစ်စီစဉ်နိုင်ပါသည်။ အကယ်၍ သင်သည် ကျမ်းစာကို နေ့စဉ် တစ်ခန်းစီဖတ်လျှင် ဓမ္မသစ်ကျမ်းကို တစ် ခေါက်ဖတ်ပြီးရန် (၉) လသာ လိုပါသည်။

## ၃။ ကျမ်းစာကို စိတ်ရှည်စွာနှင့် ဖတ်ပါ။

သင်သည် ကျမ်းစာဖတ်သည့်အခါ ခက်သောအမည်များ၊ ခက်ခဲ၍ မမြင်ဘူးသော စကားလုံးနှင့် ဖော်ပြ ချက်များကို ကြုံတွေ့ပါလိမ့်မည်။ ဥပမာ-ရှင်မဿဲခရစ်ဝင် အခန်းကြီး(၁)တွင်ရှိသော သင်မတွေ့ဘူးသော များပြားလှသည့် အမည်များကို ဖတ်သောအခါ သင်သည် ငြီးငွေ့လာပါလိမ့်မည်။ တစ်ခါတစ်ရံလည်း ထူးခြားသောစကားလုံးတစ်ခု၏ အဓိပ္ပါယ်ကို နားမလည်သည့်အတွက် စာကြောင်းတစ်ခုလုံး၏ အဓိပ္ပါယ်ကို မသိဘဲ ဖြစ်တတ်ပါသည်။

သို့သော် အချက် (၂) ချက်ကို မှတ်ထားစေချင်ပါသည်။

(၁) ဤကဲ့သို့ ဖြစ်ရခြင်းသည် သဘာဝသာဖြစ်ပါသည်။ သင်သည်ဖတ်ရန် စိတ်မထက်သန်၍ ဖတ်ချင်စိတ် မရှိ၍ မဟုတ်။

(၂) ကျမ်းစာအုပ်ထဲရှိ ကျမ်းစောင်များတို့သည် တစ်ခုနှင့်တစ်ခုအဆက်အစပ်ရှိပါသည်။ ထို့ကြောင့် သင်သည် ရှင်လုကာခရစ်ဝင်ထဲရှိ မရှင်းလင်းသော အချက်ကို ရောမသြဝါဒစာ ဖတ်သောအခါ နားလည် လာပါလိမ့်မည်။ ထို့ကြောင့် သင်သည် စိတ်ရှည်ဖို့ လိုပါသည်။

## ၄။ ကျမ်းစာကို ဆုတောင်းခြင်းဖြင့် ဖတ်ရှုပါ။

ကျမ်းစာအုပ်သည် လစဉ် မဂ္ဂဇင်းစာစောင်မဟုတ်၊ ဝတ္ထုစာအုပ်လည်း မဟုတ်။ တန်ခိုးနှင့် နိုးဆော်မှု အားရှိသော စာအုပ်တစ်အုပ်ဖြစ်သည်။ သင်သည် ကျမ်းစာထဲ၌ ဘုရားသခင်က သင့်အသက်တာအတွက် ညွှန်ပြထားသောလမ်းကြောင်းကို တွေ့ပါလိမ့်မည်။ တစ်ခါတစ်ရံ သင်ကျမ်းစာ ဖတ်သည့်နေ့မှာပင် ဘုရားသခင်၏ အလိုတော်ကို သင့်အား ညွှန်ပြပါလိမ့်မည်။

ကျမ်းစာအားဖြင့်သာလျှင် သင်သည် ခရစ်တော်ကို သိနိုင်မည်ဖြစ်သည်။ ခရစ်တော်ကို သိမှသာလျှင် သင်သည် ခရစ်တော်၏ နောက်သို့ လိုက်နိုင်မည်ဖြစ်သည်။

ကျမ်းစာအုပ်ကို ပေါ့ပေါ့ဆဆဖတ်ခြင်းမှ လုံးဝ ရှောင်ကျဉ်ပါ။ ကျမ်းစာဖတ်ခြင်းသည် သင်၏ ဝိညာဉ်ကို အစာကျွေးနေခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် ဆုတောင်းသောစိတ်ဖြင့် နေ့စဉ်ဖတ်ရမည်။ ဆုတောင်းခြင်း (တို၍ရိုးသော ဆုတောင်းခြင်းဖြစ်သော်လည်း အရေးမကြီးပါ)ဖြင့် အစပြု၍ ကျမ်းပိုဒ်တစ်ပိုဒ်စီကို ဖတ်သွားသည့်အခါ ၎င်းကျမ်းပိုဒ်၏ အနက်အဓိပ္ပါယ်တို့ကို နားလည်သဘောပေါက်နိုင်ရန် သင့်အား ဥာဏ်ပညာ ချပေးတော်မူရန် ဘုရားသခင်ထံ ဆုတောင်းပါ။ ဤအရာ၌ ဘုရားသခင်သည် ဘယ်သောအခါမျှလျစ်လျူရှု၍ နေမည်မဟုတ်ပါ။

ကျမ်းစာဖတ်ပြီးသည်နှင့် ချက်ခြင်းပိတ်ပြီး အခြားကိစ္စလုပ်ရန် စိတ်မစောပါနှင့်ဦး။ ဖတ်ခဲ့သော ကျမ်း စာ၏ အဓိပ္ပါယ်ကို ငြိမ်သက်စွာ ထိုင်၍ ဆင်ခြင်စဉ်းစားပါ။ ဤသို့ပြုခြင်းဖြင့် ကျမ်းစာထဲရှိ စကားကို သင်၏ စိတ်ထဲ၌ စွဲနေအောင် ပြုလုပ်ပါ။

## ၅။ ကျမ်းစာကို ထပ်ခါထပ်ခါ ဖတ်ပေးပါ

သင်သည် ဓမ္မသစ်ကျမ်းကို အစအဆုံးဖတ်ပြီးသည့်အတွက် ကျမ်းစာကို နောက်ထပ်၍ ဖတ်ရန် မလိုတော့ဟုဆိုလျှင် သင်သည် နံနက်စာကို စာပြီးပြီဖြစ်သောကြောင့် အစာများ နောက်ထပ်စားရန် မလိုတော့ပါဟု ဆိုခြင်းနှင့် တူနေပေမည်။

၎င်းပြင် ကျမ်းစာကို တစ်ခေါက်ဖတ်ရုံနှင့် အမှန်တရားနှင့် အနက်အဓိပ္ပါယ်တို့ကို နားမလည်နိုင်ပေ။ ကျမ်းစာထဲရှိ များစွာသော အမှန်တရား၏ အဓိပ္ပါယ်တို့သည် သင်၏အသက်အရွယ်ပတ်ဝန်းကျင် အခြေအနေနှင့် အချိန်ကာလတို့နှင့်လိုက်၍ သင့်အား ကွဲပြားခြားနားသော အဓိပ္ပါယ်များကို ပေးတတ်ပါသည်။

သင်သည် (သင့်အသက်ငယ်စဉ်) ဟေဗြဲသြဝါဒစာ အခန်းကြီး (၁) ကို ပထမအကြိမ် ဖတ်စဉ်က ယုံကြည်ခြင်း၏ အဓိပ္ပါယ်ကို ပြည့်စုံစွာ နားလည်နိုင်မည်မဟုတ်။ သို့သော် သင်သည် ပြင်းထန်သော စုံစမ်းခြင်း သို့မဟုတ် ဒုက္ခတို့နှင့် တွေ့ကြုံပြီးသည့် အချိန်၌ ဤကျမ်းချက်ကို ပြန်၍ဖတ်သောအခါ ၎င်းသည် သင့်အား လွန်စွာခြား၍ အားရှိသော အဓိပ္ပါယ်ကို ပေးပါလိမ့်မည်။

ရောမသြဝါဒစာ အခန်းကြီး (၁၂) ငယ် (၁၃) (၁၄) တွင် သင်တို့ကို ညှဉ်းဆဲသောသူတို့အဖို့ မေတ္တာပို့ကြလော့။ ကျိန်ဆဲခြင်းကိုမပြု၊ မေတ္တာပို့ခြင်းကိုသာ ပြုကြလော့ဟူသော ကျမ်းချက်အဆိုကို သင်သည် သတိမထားဘဲ ဖတ်ကောင်းဖတ်ပေလိမ့်မည်။ သင်က ဤကျမ်းချက်သည် မိမိအတွက်မဟုတ်၊ သင်သည် ဤမျှလောက်ဝိညာဉ်ခွန်အားမရှိ၊ အခြားသော နာမည်ကြီး ခရစ်ယာန်များအတွက်သာ ဖြစ်ပါလိမ့်မည်ဟု ဆိုကောင်း ဆိုပေလိမ့်မည်။

သို့သော် တစ်ခါတစ်ရံတွင် သင်၏အသက်တာ၌ သင့်အား မနှစ်သက်သောသူတို့သည် သင့်ကို မဟုတ်မမှန် စွပ်စွဲပြောဆိုသည်သာမက သင့်အား ညှဉ်းပမ်းနှိပ်စက်ခြင်းပင် ပြုလုပ်ပါလိမ့်မည်။ ဤအချိန်မျိုး၌ အထက်ပါကျမ်းပိုဒ်ကို သင်ဖတ်မိသောအခါ သင့်အားကြီးစွာသော အားပေးမှုကြီးနှင့် စိန်ခေါ်မှုတို့ကို ဆောင်ယူ လာပေလိမ့်မည်။

ကျမ်းစာသည် အလွန်ကြွယ်ဝ၍ နက်နဲကျယ်ပြန့်လှပါသည်။ ၎င်းအား နားလည်သဘောပေါက်နိုင်ရန် သင်သည် တစ်သက်လုံး လေ့လာဖတ်ရှုသော် လည်း လုံလောက်မည် မဟုတ်ပါ။

## ကျမ်းစာဖတ်ခြင်းနှင့် ပတ်သက်သည့် အကြံပေးချက်

၁။ ကျမ်းစာဖတ်နေစဉ် သင်၏စိတ်ကို ဆွဲဆောင်သော ကျမ်းချက်များကို မှင်နီဖြင့် တားလိုက်ပါ။ နားမလည်သောနေရာတွင်လည်း အမှတ် အသားပြု လုပ်ပါ။

၂။ မှတ်စုစာအုပ်တစ်အုပ်ဆောင်ထားလျှင် အလွန်အကျိုးရှိပါလိမ့်မည်။ ကျမ်းစာဖတ်ပြီးသောအခါ ၎င်း၏ အမည်နှင့် အခိပ္ပါယ်တို့ကို မှတ်စုစာအုပ်တွင် ရေးမှတ်ထားပါ။ ပွင့်ပွင့်လင်းလင်းရေးပါ။ သင်၏သဘောအတိုင်း ဖြစ်ပါစေ။ စာစီစာကုံးကဲ့သို့ စနစ်တကျဖြစ်ရန် မလိုပါ။ ယင်းသည် သင့်အတွက် နောက် နောင်တွင် အထောက် အကူပြုရန်သာ ဖြစ်ပါသည်။

၃။ ဓမ္မဟောင်းကျမ်းကိုဖတ်ရန် စိတ်မလောပါနှင့်။ ဓမ္မသစ်ကျမ်းကို အ နည်းဆုံး တစ်ခေါက်ဖတ်ပြီးမှသာ ဓမ္မဟောင်းကျမ်းကိုဖတ်ပါ။ သင်သည် အ သင်းတော်တွင်း နေပုံထိုင်ပုံကို သိကျွမ်းလာသောအခါ သို့မဟုတ် ခရစ်ယာန် မိတ်ဆွေများနှင့် ကျေလည်စွာသိပြီးမှသာ ဓမ္မဟောင်းကျမ်းကိုဖတ်လျှင် ပို၍ သင့်တော်လေသည်။

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန် ခိုးနှင့် ပြည့်ပြင်ခြင်း၊ သန်လျက် တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ အသက်နှင့် စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးဆစ်နှင့်ခြင်ဆီကိုလည်းကောင်း၊

ပိုင်းခြား၍ ထုတ်ခြင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ (ဟေဗြဲ ၄း၁၂)

## အခန်း (၂) ဆုတောင်းခြင်း

သင်သည် အစားအစာစားပြီးသောအခါ အစာသည် မည်သို့ဖြစ်သွားပါသနည်း။ အစာသည် ကြေညက်သွား၏။ အစာမည်သို့ ကြေသွားပါသနည်း။ အစာအိမ်၏ လှုပ်ရှားမှုကြောင့် အစာတို့သည် ကြေသွားလေသည်။ သို့သော် အစာကြေချက်ရာတွင် အရေးကြီးဆုံးသောအချက်မှာ အသက်ရှူခြင်းပင်ဖြစ်သည်။ အသက်ရှူခြင်းရပ်သွားသည်နှင့် တစ်ပြိုင်နက် ကိုယ်ခန္ဓာအစိတ် အပိုင်းအားလုံးတို့၏ လှုပ်ရှားမှုသည် ရပ်တန့်သွားလေသည်။ အစာမကြေပါက အစာအိမ်သည် ရောဂါဖြစ်ပြီး နာကျင်လာမည်ဖြစ်သည်။

သင်၏ဝိညာဉ်အသက်တာ၌လည်း ဤနည်းအတိုင်းပင်ဖြစ်သည်။ ဝိညာဉ်အသက်၏ အစာသည် ဘုရားသခင်၏စကားတည်းဟူသော ကျမ်းစာပင်ဖြစ်သည်။ ဝိညာဉ်အစာ ကြေချက်ရန် လိုအပ်သော အသက်ရှူ ခြင်းသည် ဆုတောင်းခြင်းပေတည်း။

ဆုတောင်းခြင်းသည် သင်နှင့် ဘုရားသခင် စကားပြောခြင်းဖြစ်၏။

ဆုတောင်းခြင်းသည် သင်၏ ဝိညာည်အသက် ကြီးထွားရန်အတွက် မြေဩဇာပင်ဖြစ်၏။

ဆုတောင်းခြင်းသည် နှစ်သိမ့်ခြင်းနှင့် ခွန်အားရစေခြင်းတို့၏ အကြောင်းအရင်းပင်ဖြစ်၏။ ဆုတောင်း ခြင်းသည် ဝိညာဉ်၏ အသက်ရှူခြင်းပင်ဖြစ်သည်။

သင်သည် တစ်စုံတစ်ယောက်နှင့် ချစ်ကြိုက်နေသည်ဆိုပါစို့။ သူ (သို့မဟုတ်) သူမနှင့် မကြာမကြာ တွေ့လိုလိမ့်မည်။ ကြာနိုင်သမျှ ကြာအောင် စကားပြောလိုလိမ့်မည်။ ကျွန်ုပ်တို့၏ ဝိညာဉ်အသက်တာတွင် လည်း ဤနည်းနှင့်ပင်။ သင်လည်း ဘုရားသခင်နှင့် စကားမပြောလျှင် သင်၏ဝိညာဉ်သည် ဆာလောင်မွတ်သိပ်ပြီး အာဟာရခေတ် ချို့တဲ့ပေလိမ့်မည်။ ယခု ကျွန်ုပ်တို့ ပိုမိုလေးနက်စွာ လေ့လာကြစို့။

## ၁။ နေ့စဉ်ဆုတောင်းပါ

ကျမ်းစာကို နေ့စဉ်ဖတ်ရသကဲ့သို့ သင်သည် နေ့စဉ်ဆုတောင်းရပေမည်။ ကျမ်းစာဖတ်ခြင်းထက် ဆုတောင်းခြင်းကို ပို၍ ပြုလုပ်ရပေမည်။ ကျွန်ုပ်တို့သည် နေ့စဉ်အစာ သုံးနပ်သာ စားသော်လည်း သုံးကြိမ်ထက် မနည်း စကားပြောကြသည် မဟုတ်လော။

## ၂။ ယုံကြည်သောစိတ်ဖြင့် ဆုတောင်းပါ

မည်သူမဆို ဆုတောင်းတတ်၏။ ခရစ်ယာန်မဟုတ်သောသူပင်လျှင် ဆုတောင်းတတ်၏။ သို့သော် ခြားနားသည်ကား ဘုရားသခင်၏ သားသမီးတို့သည် ယုံကြည်သောစိတ်အားဖြင့် ဆုကိုတောင်းလျှောက်ကြ၏ ဤကဲ့သို့ ဆုတောင်းခြင်းသည်သာလျှင် ဘုရားသခင်၏ ထံတော်ပါးသို့ ရောက်ရှိနိုင်သည်။ ခရစ်တော်၏ မိန့်ဆို ချက်ကို ကြည့်ကြပါစို့။

ထို့ကြောင့် ငါဆိုသည်ကား . . . သင်တို့သည် ဆုကျေးဇူးကိုရမည်။ ယုံကြည်သောစိတ်နှင့် ဆုတောင်း သမျှတို့ကို ရကြလိမ့်မည်။ (မာကု၊ ၁၁:၂၄)

ဘုရားသခင်သည် တောင်းသောဆုကို ပေးလိမ့်မည်ဟု ယုံကြည်သော စိတ်မရှိပါလျှင် သင်၏ ဆု တောင်းခြင်းသည် အချိန်ကုန်ရုံသာ ဖြစ်၏။

## ၃။ စိတ်နှလုံးကို ဖွင့်ဟ၍ ဆုတောင်းပါ

အမှန်အားဖြင့် ဆုတောင်းခြင်းဆိုသည်မှာ ယေရှုအား သင်၏စိတ်ကို ဖွင့်ဟပေးခြင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ သင်၏စိတ်နှလုံးအတွင်းသို့ သခင် ခရစ်တော်ကို ဝင်ရောက်စေပြီး သင့်အားဖြင့် ခရစ်တော်၏ တန်ခိုးနှင့် အလို တော်ထင်ရှားစေရန်အတွက် အခွင့်အရေးနှင့် နေရာကို ချပေးရန်ပင် ဖြစ်ပါ သည်။ သင်သည် မည်မျှကြာကြာ ဆုတောင်းသည်ဖြစ်စေ၊ မည်သည့်စာအားဖြင့် ဆုတောင်းသည်ဖြစ်စေ၊ အကယ်၍ သင်၏ စိတ်နှလုံးသည် ဖွင့်ဟထားခြင်းမရှိပါ က၊ သင်၏ ဆုတောင်းခြင်းသည် အချည်းနှီးသာဖြစ်၏။

## ၄။ စိတ်ရှည်စွာဖြင့် ဆုတောင်းပါ

ဆုတောင်းခြင်းသည် ဝိညာဉ်နှင့်ဆိုင်သော လေ့ကျင့်မှုတစ်ရပ်ဖြစ်နေ ကြောင်းကို သင်သိမြင်လာပေ ပြီ။ ထို့ကြောင့် သင်သည်တနေ့တခြား ပို၍ပို၍ ကောင်းမွန်စွာ ဆုတောင်းတတ်အောင်လေ့ကျင့်ရန်လိုလေသည်။ နေ့စဉ် ဆု တောင်းခြင်းသည် လွယ်ကူသည် မဟုတ်ပါ။

ၿင်းပြင် သင်၏ဆုတောင်းခြင်းသည် ချက်ခြင်းအဖြေရမည်မဟုတ်။ သင်၏အလိုဆန္ဒအတိုင်း ပြည့်စုံစေလိမ့်မည်မဟုတ်။ ဘုရားသခင်သည် မိမိ၏ သဘောတော်နှင့် အလိုတော်အတိုင်းသာလျှင် ဆုများကို ပြည့်စုံစေပြီ။ သင်အလို ဆန္ဒအတိုင်း ဆုကို ပြည့်စုံစေလိမ့်မည်မဟုတ်။

သို့အတွက် သင်သည် ဆုတောင်းသောအခါ စိတ်ရှည်ရမည်။ အလွန် စိတ်ရှည်ရမည်။

နောက်ဆုံးတွင် ကျေးဇူးတော်ကို ချီးမွမ်းခြင်းအားဖြင့် ဆုတောင်းရမည်။

ဆုတောင်းခြင်းသည် သူတောင်းစာကဲ့သို့ တောင်းခံခြင်းမဟုတ်၊ ရှုံးနိမ့်သူ၏ ကယ်ဆယ်ရန်တောင်း လျှောက်ခြင်းမျိုးလည်းမဟုတ်၊ ဆုတောင်းခြင်းသည် သင်အလိုရှိသမျှကို ပြောဆိုခြင်းမဟုတ်ဘဲ၊ သင်အမှန်တကယ် လိုအပ်လျက်ရှိသောအရာများကို ဆုတောင်းခြင်းဖြင့် ဘုရားသခင်ရှေ့တော်သို့ တင်ပြခြင်းဖြစ်ပါသည်။

ဘုရားသခင်သည် သင့်ကို ဖန်ဆင်းသောပုဂ္ဂိုလ်ဖြစ်နေသည်ကို သတိပြုပါ။ ကိုယ်တော်တိုင် သင့်အား ဖန်ဆင်းတော်မူခဲ့သောကြောင့် သင့်ကို ကောင်းစွာ သိသည်ထက် ကိုယ်တော်သည် သင့်ကို ပို၍သိ၏။ သင်သည် မည်သည့်အရာများလိုအပ်သည်ကို သင့်ထက် ဘုရားသခင်က ပိုမို၍လည်းကောင်း၊ စော၍လည်းကောင်း သိတော်မူ၏။ ၎င်းပြင် ဘုရားသခင်သည် မေတ္တာတော်နှင့် ပြည့်စုံသည်ဖြစ်သောကြောင့် သင်လိုအပ်သော အရာများကို ချပေးလိုက်သည်သာမက သင့်တော်သောအချိန်နှင့် သင်တော်သောနေရာတွင် သင့်တော်သော အရာများကို သင့်အားချပေးလိမ့်မည်။

ထို့ကြောင့် သင်ဆုတောင်းသောအခါ ပျော်ရွှင်သော စိတ်နှလုံး၊ ကျေးဇူးတော် ချီးမွမ်းသောစိတ်နှလုံး ဖြင့် ဆုတောင်းပါ။ ဘုရားသခင်၏ ရှေ့တော်သို့ ချဉ်းကပ်၍ သင်တောင်းသာဆုသည် ပြည့်စုံပြီးသကဲ့သို့ ဖြစ်ပါ လိမ့်မည်။

ယခု ဆုတောင်းခြင်းပုံစံကို ကျွန်ုပ်တို့ လေ့လာကြပါစို့။

ပဌနာတော်ဟူသော ဆုတောင်းချက် ရှိပါသည်။ ဤသို့ခေါ်ဆိုရခြင်းမှာ သခင်ခရစ်တော်ကိုယ်တိုင် မိမိ၏ တပည့်တော်တို့အား သွန်သင်ခဲ့သောကြောင့် ဖြစ်လေသည်။ ၎င်းကို ရှင်မဿဲခရစ်ဝင် ၆း၉-၁၃ ၌ တွေ့ရှိနိုင်ပါသည်။ ယင်းသည် ပြည့်စုံသောဆုတောင်းခြင်းပုံစံပင်ဖြစ်သည်။

ဆုတောင်းရာ၌ ပုံစံအတိအကျယူ၍ မရှိပါ။ သို့သော် ဝတ်ပြုအစည်းအဝေးများအတွက် အသုံးပြုနိုင်ရန်နှင့် ဆုတောင်းသောသူအတွက် အကျိုးရှိစေရန် ဆုတောင်းခြင်းကို အကြမ်းအားဖြင့် အောက်ပါအစိတ်အပိုင်းများ ခွဲထားနိုင်၏။

၁။ ချီးမွမ်းခြင်း - ဘုရားသခင်နှင့် ခရစ်တော်သည် အရှင်သခင် ဖြစ်ခြင်းကို ချီးမွမ်းပါ။

၂။ ဝန်ချခြင်း - မိမိ၏ အပြစ်အားနည်းခြင်း၊ ပျက်စီးခြင်းနှင့် ပျက်ကွက်ခြင်းတို့ကို ဝန်ခံပါ။

၃။ တောင်းလျှောက်ခြင်း - မိမိ၏ အပြစ်များကို ခွင့်လွှတ်ရန်တောင်း လျှောက်ပါ။ နေ့စဉ်လိုသော အရာ များကို တောင်းလျှောက်ပါ။ ကိုယ်တော်အတွက် အသက်ရှင်နိုင်ရန် ခွန်အားတောင်းလျှောက်ပါ။ နေ့စဉ် လမ်းပြတော်မူပါမည့် အကြောင်း တောင်းလျှောက်ပါ။

၄။ အများအတွက် တောင်းလျှောက်ခြင်း - ကျွန်ုပ်တို့ ချစ်မြတ်နိုးသောသူများအတွက်သော်လည်းကောင်း၊ (အိမ်ထောင်ဆွေမျိုး၊ မိတ်ဆွေ စသည်တို့) ကျွန်ုပ်တို့လုပ်ငန်းအတွက်သော်လည်းကောင်း၊ကျွန်ုပ်တို့၏တိုင်း ပြည်အတွက်သော်

လည်းကောင်း ကမ္ဘာအရပ်ရပ်၌ရှိသော ဘုရားသခင်၏အသင်းတော်များအတွက်သော်လည်းကောင်း ဆုတောင်းပါ။ အထူးသဖြင့် ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်ရေးအတွက် ကြိုးပမ်းလုပ် ဆောင်လျက်ရှိကြသော အမှုတော်ဆောင်များအတွက် ဆုတောင်းပေးပါ။

၅။ ကျေးဇူးတော် ချီးမွမ်းခြင်း - ဘုရားသခင်၏ မေတ္တာတော်အတွက်လည်းကောင်း၊ လက်ဝါးကပ်တိုင် အတွက်လည်းကောင်း၊ ခရစ်တော်၏ အသေခံခြင်းကိုလည်းကောင်း၊ ကျွန်ုပ်တို့ တောင်းသောဆုကို ပေးတော်မူခြင်းအတွက်လည်းကောင်း၊ ခရစ်တော်သည် ကျွန်ုပ်တို့ အသီးသီးတို့အပေါ်၌ အဓိပ္ပါယ်ရှိသည်ကိုလည်းကောင်း ချီးမွမ်းပါ။ သင်ဆုတောင်းသောအခါ အထက်ပါအစီအစဉ်အတိုင်း လိုက်နာရန်မလိုပါ။ ၎င်းတို့သည် ဆုတောင်းရာ၌ ပါဝင်ရမည့်အရာများကို ဖော်ပြခြင်းသမျှသာဖြစ်သည်။

နောက်ဆုံး သတိပြုရမည့်အချက်တစ်ချက်မှာ - တိကျမှန်ကန်သော ကိစ္စရပ်များကိုသာ ဆုတောင်းပါ။ ပေါ့ပေါ့ဆဆဖြင့် အဓိပ္ပါယ်မရှိသော စကားဖြင့် ဆုတောင်းခြင်းမျိုးကို ရှောင်ပါ။ တိကျမှန်ကန်သော စကားရပ်များကို ဘုရားသခင်ထံသို့ တင်ပြပါ။ သင်၏မိဘများက သင့်အတွက် ကိစ္စတစ်ခုကို ပြုလုပ်ပေးရန် တောင်းလျှောက်သကဲ့သို့ ပြုလုပ်ပါ။

အောက်ပါအချက်များသည် သင်ဆုတောင်းနေစဉ် သိထားရမည့်အရာများ ဖြစ်ပါသည်။

၁။ ယေရှု၏နာမတော်ကို အမှီပြုလျက် တောင်းလျှောက်ပါသည်။ ခရစ်ယာန်တို့ အသုံးပြုသော အဆုံးသတ်စကားများမှာ ယေရှု၏နာမတော်ကို အမှီပြုလျက် ယေရှုအားဖြင့် ကျွန်ုပ်တို့၏ ကိုယ်တော်ရှင်၏နာမ တော်ကို အမှီပြုလျက် စသည်တို့ဖြစ်ပါသည်။ ယေရှုခရစ်တော်အားဖြင့်သာ ကျွန်ုပ်တို့ အလိုရှိသော ကောင်းချီးမင်္ဂလာတို့နှင့် ပြည့်စုံနိုင်မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဆုတောင်းသောအခါ ၎င်း၏နာမတော်ကို အမှီပြုရမည်ဟု ယေရှုက ကျွန်ုပ်တို့အား မိန့်ဆိုခဲ့သောကြောင့်တည်း၊ သင်တို့သည် ငါ၏နာမကို အမှီပြု၍ ဆုတောင်းသမျှတိုင်း ငါပြုမည် . . .

သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစုံတခုသောအရာကို တောင်းလျှင် တောင်းသည့်အတိုင်း ငါပြုမည်။ (ရှင်ယောဟန် ၁၄:၁၃-၁၄) ဤသည်မှာ ယေရှုကိုယ်တော်တိုင် မိန့်တော်မူခဲ့ခြင်းဖြစ်သည်။ ဆုတောင်းသောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်သားတော်၏ နာမတော်ကို အမှီပြုမှသာလျှင် ဘုရားသခင်သည် ကျွန်ုပ် တို့၏ ဆုတောင်းခြင်းကို နားညောင်းပြီး အဖြေပေးပါလိမ့်မည်။

၂။ ယေရှု၏ နာမတော်ကို အမှီပြုလျက် ဆုတောင်းပါ၏ဟု ဆုတောင်းခြင်းကို အဆုံးသတ်ပြီးနောက် သင်သည် အာမင်ဟု ဆိုရမည်။ ၎င်း၏အဓိပ္ပါယ်မှာ ဤအတိုင်းဖြစ်ပါစေ - ဤအတိုင်းအမှန်တကယ်ဖြစ်ပါစေ။ ဤအတိုင်း ခွင့်ပြုပါစေ စသည်တို့ဖြစ်ပါသည်။

အများနှင့်အတူတကွ ဆုတောင်းသောအခါ ဆုတောင်း၍ပြီးလျှင် ဦးဆောင်၍ ဆုတောင်းသောသူက အာမင်ဟု ဆိုသောအခါ ကျန်ရှိသောသူအားလုံး

ကလည်း အတူတကွလိုက်၍ အာမင်ဟု ဆိုပါ။ ၎င်း၏ အဓိပ္ပါယ်မှာ အားလုံးတို့သည် ဦးဆောင်ဆုတောင်းသူနှင့်အတူ တစိတ်တည်း ဆုတောင်းကြောင်းကို ဖော်ပြ ခြင်းဖြစ်သည်။

၃။ အစာစားသောအခါတိုင်း၌ မစားမီ ဆုတောင်းပါ။ ဘုရားသခင် ချပေးသော အစားအစာများအတွက် ရိုးရိုးနှင့် ကျေးဇူးတော်ကို ချီးမွမ်းပါ။

၄။ သင်သည် တစ်ဦးသည် အသံထွက်၍ ဆုတောင်းရန် အိမ်၌ အခန်းသီးသန့် မရှိခဲ့လျှင်လည်း စိတ်မလျှော့ပါနှင့်။ စိတ်အတွင်း၌ အသံတိတ်ဆုတောင်းခြင်းအားဖြင့်လည်း အကျိုးဖြစ်ထွန်းနိုင်ပါသည်။ ဤကဲ့သို့ ဆုတောင်းခြင်းကိုလည်း ဘုရားသခင်က နှစ်သက်ပါသည်။

အခွင့်သာသည်ဖြစ်စေ၊ အခွင့်မသာသည်ဖြစ်စေ ဟု တောင်းပါ။

## အခန်း (၃) သက်သေခံခြင်း

သင်တို့သည် . . . ငါ၏ သက်သေ ဖြစ်ကြလိမ့်မည်။ (တမန်တော်ဝတ္ထု ၁:၈)

သက်သေဆိုသည်မှာ အဘယ်သို့သောသူဖြစ်သနည်း။ . . . မိမိတွေ့မြင်ခဲ့သောအရာ၊ တွေ့ကြုံခံစားခဲ့ သောအရာ သို့မဟုတ် သိနားလည်ထားသောအရာများ မှန်ကန်ကြောင်းကို ထုတ်ဖော်ပြောဆိုသူဖြစ်လေသည်။

သင်သည် သခင်ယေရှုခရစ်အကြောင်းကို သက်သေခံရန် ရွေးကောက်ခံရခြင်းဖြစ်သည်။ ဤသည်မှာ သင်ဆုတောင်းနိုင်သောအရာများ၌ အမွန်မြတ်ဆုံးသောအရာပင် ဖြစ်လေသည်။

သင်သည် လူတစ်ယောက်ကို အမှန်တကယ် ချစ်မြတ်နိုး၍ ၎င်းအား တကယ်လေးစားပါက သင်သည် ၎င်း၏အကြောင်းများကို အခြားသူများအား မပြောဘဲ နေနိုင်လိမ့်မည် မဟုတ်ပါ။

နပိုလီယန်နှင့် ဗိုလ်ချုပ်မိုက်အာထာအကြောင်းကို ပြောသော လူငယ် အတော်များများကို ကျွန်ုပ်တွေ့ မြင်ခဲ့ဖူးပါသည်။ ၎င်းတို့သည် ထိုပုဂ္ဂိုလ်မြတ် တို့အား အားကျခြင်း၊ လေးစားခြင်းတို့ကြောင့် ဤကဲ့သို့ ပြောဆိုခြင်းဖြစ်၏။ မိဘတို့သည်လည်း သားသမီးတို့ကို ချစ်သောကြောင့် မိမိတို့ သားသမီး အကြောင်းများကို ပြောဆို လေ့ရှိသည်။

သင်သည် ကယ်တင်ခြင်းရရှိရန် ဘုရားသခင်က ၎င်း၏တစ်ပါးတည်း သောသားတော်ကို စေလွှတ်ပေးသည်ဟု သင်သိရှိနားလည်း၍ ယုံကြည်ပြီး နောက် သင်သည် ဘုရားသခင်၏ မေတ္တာတော်ကို သက်သေခံခြင်း မပြုဘဲမည် လော . . . ဤမျှပင်မကသေးပါ။ သင့်အတွက် အသက်ကိုပေးသွားသော ယေရှု ခရစ်ကိုယ်တိုင်ပင်လျှင် သင့်အား ဤလောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့ဟု မိန့်မှာ ခဲ့ပါသည်။ ကိုယ်တော်မိန့်ဆိုခဲ့သည်ကို သင်သည်မနာခံဘဲ နေမည်လော. . .

## ၁။ ကျွန်ုပ်တို့ မည်သည့်အရာကို သက်သေခံရမည်နည်း။

ကျမ်းစာ၌ မိန့်ဆိုထား သည်မှာ -

ငါတို့မူကား လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏ အကြောင်းကို ဟောပြောကြ၏ (ကောရိန္သုပထမစောင် ၁:၂၃)

သင်မူကားသွား၍ ဘုရားသခင်နိုင်ငံတော်၏အကြောင်းကို ဟောပြော လော့၊ (ရှင်လုကာခရစ်ဝင် ၉:၆၀)

နှုတ်ကပတ်တော်တရားကို ဟောပြောလော့။ (တိမောသေဒုတိယ စောင် ၄:၅)

ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကို ဘိသိက်ပေး တော်မူပြီ။ (ဟေရှာယ ၆၁:၁)

သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါ အပေါင်းတို့အား ဧဝံဂေလိ တရားကို ဟောကြားကြလော့။ (ရှင်မာကုခရစ်ဝင် ၁၆:၁၅)

အချုပ်ဆိုရလျှင် ကျွန်ုပ်တို့၏ တာဝန်မှာ ဘုရားသခင်၏ မေတ္တာတော် အကြောင်း၊ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်း၊ ကိုယ်တော်ပြင်ဆင်ထားသော ကယ်တင်ခြင်းနှင့် ယေရှုမှ လွဲ၍ အခြားမည်သည့် ကယ်တင်ခြင်းမျှမရှိကြောင်းကို အခြားသူတို့အား ပြောကြားရန် ဖြစ်ပါသည်။

## ၂။ မည်သူတို့အား သက်သေခံမည်နည်း။

ကျမ်းစာ၌ဆိုသည်ကား . . . "ဝေနေယျသတ္တဝါအပေါင်းတို့အား ဟော ပြောကြလော့" ဟု ဆိုထားပါသည်။ အဓိပ္ပါယ်မှာ သင်သည် ဧဝံဂေလိတရား တော်ကို အသက်ရှင်လျက်ရှိသော လူသားအားလုံးတို့အား ဝေမျှပေးရန် တာဝန် ရှိသည်။ ခရစ်တော်အကြောင်းကို မသိသေးသောသင့်အား၊ ဂရုစိုက်မည့်သူရှိခဲ့ သောကြောင့်သာလျှင် သင်သည် ဝေစာကို ရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် လည်း သင်သည် ယခုကျမ်းစာ စာပေးစာယူသင်တန်းကို လေ့လာနေခြင်း ဖြစ်ပါ သည်။

အခြားသူများနှင့်တကွ ဧဝံဂေလိတရားတော်ကို ခံစားရန် လိုလားသော သူများရှိသောကြောင့် သင်သည် သခင်ယေရှုခရစ်တော်ကို သိကျွမ်းခွင့် ရရှိခဲ့

ခြင်းဖြစ်၏။ များစွာသော သူတို့သည် ယခုတိုင် ဘုရားသခင် ၏မေတ္တာတော်ကို မသိရှိသေးပါ။ သင်သည် ထိုသူနှင့်အတူ ဧဝံဂေလိတရားတော်ကို ခံစားနိုင်ခွင့်ကို သူတို့အား ပေးမှသာလျှင် သူတို့သည် ဘုရားသခင်၏ မေတ္တာတော်ကို သိရှိလာလိမ့်မည် ဖြစ်ပါသည်။

## သက်သေခံရန် နည်းအမျိုးမျိုးရှိပါသည်။

၁။ သင်၏အိမ်မှ အစပြုပါ။ သင်သည် ယေရှုကို လက်ခံသဖြင့် သင်၏အိမ်သူအိမ်သားတို့သည် သင်ကို ရန်တွေ့လာသလော။ ဤသို့အမှန်တကယ်ဖြစ်နေပါက သင်သည် သူတို့တစ်ယောက်စီအတွက် နေ့စဉ် ပုံမှန် ဆုတောင်းပေးပါ။

၂။ သင်၏ အိမ်နီးချင်းတို့သည် မည်သို့နည်း။ ဧဝံဂေလိတရားတော်ကို မကြားရသေးသော အိမ်ထောင် များရှိသလော။

၃။ အနီး၌ရှိသော ကျေးရွာတို့လည်း မည်သို့နည်း။ ဧဝံဂေလိတရားတော်အကြောင်းကို သတ်သေခံရန် သင့်အား လိုအပ်နေမည်လော။ (ဝေစာများ အလိုရှိပါက သင်အလိုရှိသလောက်ကို ပေးပို့နိုင်ရန် ကျွန်ုပ်တို့ အသင့်ရှိပါသည်။)

၄။ ကမ္ဘာပေါ်ရှိများစွာသော တိုင်းပြည်များသို့ သွားရောက်၍ ဧဝံဂေလိတရားတော်မြတ်အား ဟောပြောမည့်လူများကို ဘုရားသခင်သည် လိုလားပါသည်။ နိုင်ငံခြားသို့ သွားရောက်၍ ဧဝံဂေလိတရားတော်မြတ် ကို ဟောပြောခြင်း အစီအစဉ်များအတွက် ဘုရားသခင်သည် သင့်အား စေလွှတ်ကောင်း စေလွှတ်ပါလိမ့်မည်။ ဘုရားသခင်ထံသို့ ဆုတောင်းပါ။ ဘုရားသခင်သည် မိမိ၏ အလိုတော်ကို သင့်အပေါ်၌ ပြသပါလိမ့်မည်။

ထောင်သောင်းများစွာသော သူတို့အား သင်သည် သွားရောက်၍ ဧဝံဂေလိတရားတော်ကို မဟော ပြောပါက သူတို့သည် ခရစ်တော်က သူတို့အတွက်

အသေခံခဲ့ကြောင်းကို ဘယ်သောအခါမျှ သိနိုင်မည်မဟုတ် ကြောင်းကို သင်အမြဲ မှတ်ထားစေလိုပါသည်။

ယခု ကျွန်ုပ်တို့သည် ဤစာပေးစာယူကျမ်းစာသင်တန်း၏ နောက်ဆုံး အဆင့်ကို ရောက်နေပါပြီ။ ကျွန်ုပ်အနေဖြင့် သင့်အား အောက်ပါစကားများကု ပြောလိုသေးသည်။

၁။ ဤသင်ခန်းစာကို သင်သည် လေ့လာပြီးစီးပြီ ဖြစ်သဖြင့် အလွန်ပင် ချီးကျူးလိုက်ပါသည်။ သင့်အတွက် မလွယ်ကူသည်ကို ကျွန်ုပ်တို့ ယုံကြည်ပါ သည်။ သို့သော် ယခုသင်သည် သင်ခန်းစာအားလုံးကို လေ့ လာ၍ ပြီးစီးပါပြီ။

၂။ ဤသင်ခန်းစာနှင့်အတူ ပို့လိုက်သော ဆုံးဖြတ်လွှာ၌ စာတမ်းတစ် စောင်ကို ရိုးရိုးနှင့် ခပ်တိုတို ရေး စေလိုပါသည်။ ခေါင်းစဉ်မှာ ဤသင်ခန်းစာကို လေ့လာပြီးနောက် ကျွန်ုပ်၏ဆုံးဖြတ်ချက်ပင်ဖြစ်ပါသည်။ သင်၏ စာတမ်းကို ကျွန်ုပ်တို့ လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် သင့်အား လှပခန့် ညားသော အောင်လက်မှတ်တစ်စောင်နှင့် လက်ဆောင်တစ်ခုကို ပို့ပေးပါလိမ့် မည်။

၃။ ဤသင်ခန်းစာများကို အခြားစိတ်ဝင်စားသူတို့အား တစ်ဆင့်ပေး၍ လေ့လာစေပါ။

နောက်ဆုံးအနေနှင့် သင်သည် သင်၏အရပ်ဒေသ၌ရှိသော အသင်း တော်(ဘုရားရှိခိုးကျောင်း) တစ်ခုခု၌ ပါဝင်လိုက်ပါ။ အသင်းတော်၏ အစည်း အဝေးတို့ကို အမြဲတက်ပေးပါ။ အခြားခရစ်ယာန်တို့နှင့်လည်း ပေါင်း သင်းဆက် ဆံခြင်းပြုပါ။ ဤသည်မှာ အလွန်အရေးကြီးပါသည်။ လက်ဦးအနေဖြင့် သင့် အတွက် အသင်းတော်သည် စိမ်းသောနေရာတစ်ခုဖြစ်နေပါလိမ့်မည်။ သို့သော်

ဆုတောင်း၍ စိတ်ရှည်ရှည်ဖြင့် ဆက်၍ တက်ပါ။ လေးလခန့်ကြာပြီးသည့်အခါ ရှက်ကြောက်ခြင်းနှင့် အခက်အခဲများတို့သည် ပပျောက်သွားပါလိမ့်မည်။ အသင်းတော်ရှိ ခရစ်ယာန်တို့နှင့်မိတ်ဖွဲ့ပါ။ အသင်းတော်ရှိ အဖွဲ့အစည်းအသီးသီးသို့လည်း ပါဝင်ပါ။

အကယ်၍ သင်၏အရပ်ဒေသ၌ အသင်းတော်မရှိပါက ကျွန်ုပ်တို့အား အကြောင်းကြားပါ။ သင့်အား အကျိုးဖြစ်ထွန်းစေမည့် စာစောင်များကို ကျွန်ုပ်တို့ ပို့ပေးပါမည်။

ဤနေရာ၌ ကျွန်ုပ်တို့သည် သင်နှင့် နှုတ်ဆက်ရတော့မည်။ သင်နှင့်အတူ ဤသင်ခန်းစာလေးခုကို လေ့လာခဲ့ရသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် အလွန်ဝမ်းသာမိပါသည်။ ကျွန်ုပ်တို့သည် သင့်ကို မသိကျွမ်း သော်လည်း ဘုရားသခင်သည် လမ်းပြမှုခွန်အား စသည်တို့ကို ချပေး၍ သင်၏ဝိညာဉ်အသက် တနေ့တခြား တိုးတက်လာစေရန် ကျွန်ုပ်တို့သည် အသင့်အတွက် ဆုတောင်းပေးနေပါမည်။

ရှင်ပြန်ထမြောက်သောအရှင်သည် သင်နှင့်နေ့စဉ် အတူရှိပါစေ။

-------------------------

ထုတ်ဝေသူ။ ဒေါ်မေလှလှငယ်၊ ၅၊ စ-၂ အောင်မင်္ဂလာလမ်း၊
၄ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကင်းလွတ်ခွင့်အမှတ် (၁၅၂)
ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၁၃၂၆)
တတိယအကြိမ်။ ၁၉၈၃ ဇန်နဝါရီလ အုပ်ရေ ၂၀၀၀ (ဓမ္မဒါန)
ပုံနှိပ်သူ။ ဒေါ်ဘက်စီရာဂျန်း (၀၅၀၉-မြဲ)
ရတနာရွှေမြပုံနှိပ်တိုက်။ အမှတ် ( ) ၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့.

## သင်ခန်းစာ (၁) မေးခွန်းလွှာ

၁။ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်း မည်ကဲ့သို့ ခြားနားပါသနည်း။

၂။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတို့၏ ပထမနှင့် နောက်ဆုံးကျမ်းတို့၏ အမည်ကို ရေးသားပါ။

၃။ ခရစ်ဝင်ကျမ်း (၄) ကျမ်း၏ အမည်များကား မည်သို့ ခေါ်ထားပါသနည်း။

၄။ ဘုရားသခင်သည် နာမ်ပုဂ္ဂိုလ်ဖြစ်သည်ဟုဆိုရာတွင် မည်သည့် အဓိပ္ပါယ်ကို ဆိုလိုပါသနည်း။

၅။ အောက်ပါစာကြောင်းကို မှန်လျှင် (✔) ဖြစ်လျှင်၊ မှားလျှင် ဤသို့ (✖) ခြစ်ပေးပါ။

(က) ဤ ကျမ်းစာသည် ကျမ်းများကို စုပေါင်းထားသော စာအုပ်ဖြစ်သည်။

(ခ) ဘုရားသခင်က လူတို့ကိုပေးသော ဗျာဒိတ်တော်သည် ကျမ်းစာအုပ်အပြင် တခြားစာအုပ်များ မှာလည်း တွေ့ရှိနိုင်ပါသည်။

(ဂ) ကျမ်းစာအုပ်၌ ပါဝင်သည့် အဓိက ပုဂ္ဂိုလ်သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။

(ဃ) သုံးပါးတစ်ဆူ၏ အဓိပ္ပါယ်ကား ကွဲပြားသောဘုရားသုံးပါးဖြစ်သည်။

(င) ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဒုက္ခဆင်းရဲခြင်းနှင့် ပူပန်ခြင်းတို့ကို နားမလည်နိုင်ပေ။

(စ) လူသည် ဒါနကောင်းမှုကုသိုလ်ပြုမှုနှင့် တဖြည်းဖြည်း တိုးတက်ပြုပြင်ခြင်း ဖြင့် ကယ်တင် ခြင်းကို ရနိုင်လေသည်။

(ဆ) ကယ်တင်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်ဖြစ်သည်။

(ဇ) အပြစ်၏အခသည် သေခြင်းဖြစ်သည်။

(ဈ) လူသည် လူ့သမိုင်းမှစ၍ အပြစ်ပြုခဲ့သောကြောင့် နောက်မွေးဖွားလာကြ သော သူတို့သည် အပြစ်သားပင် ဖြစ်တော့သည်။

(ည) ယေရှုခရစ်အပြင် အခြားသော ကယ်တင်ခြင်းလမ်း ရှိပါသေးသည်။

## သင်ခန်းစာ (၂) မေးခွန်းလွှာ

၁။ အပြစ်၏အခသည် သေခြင်းဖြစ်ပါသည်ဟု ဆိုခြင်းမှာ အဘယ်သို့ အဓိပ္ပါယ်ရှိပါသနည်း။

၂။ သခင်ယေရှုသည် အဘယ်ကြောင့် အပျိုကညာမှ ဖွားမြင်တော်မူသနည်း။

၃။ ယေရှုသည် မည်သည့်အတွက်ကြောင့် လက်ဝါးကပ်တိုင်ပေါ်တွင် သက်တော်စွန့်တော်မူခဲ့သနည်း။

၄။ အောက်ပါစာကြောင်းကို မှန်လျှင် (✔) ဖြစ်လျှင်၊ မှားလျှင် ဤသို့ (✖) ခြစ်ပေးပါ။

(က) လူသားတို့၏ အပြစ်သည် ခွင့်လွှတ်၍ မရနိုင်။

(ခ) အပြစ်မရှိသော လူအနည်းငယ်ရှိ၏။

(ဂ) ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်ပါသည်။

(ဃ) ယေရှုသည် မိမိအပြစ်ကြောင့် သေဆုံးခြင်းဖြစ်သည်။

(င) ခရစ်တော်သည် ယနေ့တိုင်အောင် အသက်ရှင်တော်မူ၏။

(စ) လူသားတို့သည် ယေရှုကို မယုံကြည်ဘဲလျက် ကယ်တင်ခြင်း ရနိုင်သည်။

(ဆ) ထာဝရအသက်ဆိုသည်မှာ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သေသော်လည်း ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ ဝင်စားရမည်။

(ဇ) လူသားတို့သည် မိမိတို့၏ အပြစ်များကို ဝန်မခံဘဲနှင့် သခင်ယေရှုကို ယုံကြည်နိုင်သည်။

(ဈ) ကျွန်ုပ်တို့၏အပြစ်ကို ဖော်ပြလျှင် ခွင့်လွှတ်တော်မူလိမ့်မည်။

(ည) လူသားတို့သည် ယေရှုနှင့် ပတ်သက်သောအကြောင်းအရာကို ဖတ်ရှုနေသောအခါတွင် ဒုတိယဖွားမြင်ခြင်းကို ခံရ၏။

## သင်ခန်းစာ (၃) မေးခွန်းလွှာ

၁။ မည်သည့်အရာကို ကျွန်ုပ်တို့ ယုံကြည်ကြသနည်း။

၂။ ကျွန်ုပ်တို့ မျှော်လင့်နေသော ဦးတည်ချက်ကား အဘယ်နည်း။

၃။ မေတ္တာကို လက်တွေ့ကျင့်သုံးရာ၌ အရေးအကြီးဆုံး (၃) ချက်သည်ကား အဘယ်အရာများဖြစ် သနည်း။

၄။ အောက်ပါစာကြောင်းကို မှန်လျှင် (✔) ဖြစ်လျှင်၊ မှားလျှင် ဤသို့ (✖) ခြစ်ပေးပါ။

(က) ကျွန်ုပ်တို့သည် မျက်စိဖြင့် မြင်နိုင်သောအရာတို့ကိုသာ ယုံကြည်နိုင်သည်။

(ခ) ကျွန်ုပ်တို့သည် မိမိ၏စိတ်အားဖြင့် ဘုရားသခင်၏အလိုတော်ကို နားလည်နိုင်သည်။

(ဂ) ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အပြစ်များကို ကျူးလွန် နိုင်ပါသည်။

(ဃ) အခြားသောသူများအား မေတ္တာကင်းမဲ့စွာနှင့် လုပ်ပေးခြင်းအားဖြင့် ဘုရားသခင်၏ ဝမ်း မြောက်မှုကို ရယူနိုင်သည်။

(င) ဘုရားသခင်သည် မြင့်မြတ် သန့်ရှင်းတော်မူသောကြောင့် ကိုယ်တော်သည် လူတို့၏အပြစ်ကို ခွင့်မလွှတ်နိုင်ပေ။

(စ) ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ဤသုံးပါးတွင် ယုံကြည်ခြင်းသည် အမြတ်ဆုံးဖြစ် သတည်း။

(ဆ) ဘုရားသခင်သည် သူ၏ သားတော် ယေရှုခရစ်တော်ကို ကျွန်ုပ်တို့အတွက် အသေခံစေခြင်း အားဖြင့် ကျွန်ုပ်တို့အား ချစ်သည့် မေတ္တာကို ထင်ရှားစေခဲ့သည်။

(ဇ) ကျွန်ုပ်တို့သည် မိမိတို့ အိမ်သားစုနှင့် မိတ်ဆွေများသာလျှင် ချစ်ရမည်။

(ဈ) ဘုရားသခင်သည် အပြစ်သားတို့ကိုသာချစ်၍၊ အပြစ်ကို ရွံရှာသည်။

(ည) ချစ်ခြင်းမေတ္တာသည် တစ်ခါတစ်ရံ အောင်မြင်ခြင်းမရှိပေ။